မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ရက်၊ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်၊ စနေနေ့၊ အတွဲ(၄၉)၊ အမှတ်(၉၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အဓိကလိုအပ်

တိုင်းရင်းသားလူမျိုးတွေ တစ်ရာကျော်နေထိုင်တဲ့ ဒို့နိုင်ငံရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အဓိကလိုအပ်ချက်က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပဲ ဖြစ်တယ်။ ဘာသာ အယူဝါဒ၊ ဓလေ့ထုံးတမ်းတွေ အမျိုးမျိုးကွဲပြားပေမယ့်လည်း သနားကြင်နာတတ်ခြင်း၊ ကူညီရိုင်းပင်းတတ်ခြင်း၊ သည်းခံနိုင်စွမ်းရှိခြင်း၊ ရဲရင့်ခြင်း၊ မျိုးချစ်စိတ်ရှိခြင်း စတဲ့ တူညီတဲ့ ဂုဏ်ဒြပ်တွေရှိတဲ့ တိုင်းရင်းသားအားလုံးဟာ ပြည်ထောင်စုမြန်မာနိုင်ငံသားတွေပဲ ဖြစ်တယ်။ မျိုးချစ်စိတ်ဓာတ် ဆိုတဲ့နေရာမှာ လူမျိုးရေးအမြင် ကျဉ်းမြောင်းတဲ့သူများ မဖြစ်စေဘဲ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်အောင် လက်တွဲဆောင်ရွက်လိုတဲ့ စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်ရှိရမှာဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲမိန့်ခွန်းမှ-

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ အစည်းအဝေး (၁/၂၀၁၀)ကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ပြီး နိုင်ငံတကာအဆင့်မီ မြို့ပြအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးတို့အတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့က အချိန်အဟုန်မပျက် ကဏ္ဍအလိုက် ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်ကြရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၅ ❍

(၆၂) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

တိုးတက်ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားများကို တစ်နိုင်ငံလုံးသို့ ဆောလျင်စွာဖြန့်ဖြူးပေးနိုင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(သတင်းဆောင်းပါး - ခရမ်းစိုးမြင့် ✧ ဓာတ်ပုံမှတ်တမ်း - အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် မြန်မာ့အလင်း ✧ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း))

နေပြည်တော် ဇန်နဝါရီ ၁

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုကဏ္ဍများတွင် အဓိကလိုအပ်ချက်မှာ လျှပ်စစ်စွမ်းအင်ဖြစ်သကဲ့သို့ ပြည်သူလူထု၏ နေ့စဉ်လူမှုဘဝအတွက် မရှိမဖြစ် လိုအပ်ချက်မှာလည်း လျှပ်စစ်စွမ်းအင်သာ ဖြစ်သည်။ သို့ဖြစ်ရာ ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံကြီးများ တည်ဆောက်ခဲ့ပြီး ဓာတ်အားခွဲရုံစီမံကိန်းများ၊ လျှပ်စစ်ဓာတ်အား မရရှိသေးသောဒေသများအတွက် လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းများ၊ တိုးတက်ရရှိလာမည့် လျှပ်စစ်ဓာတ်အားကို ပြည်သူများ ဆောလျင်စွာအသုံးပြုနိုင်စေရေး စီမံကိန်းများ စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✳

သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို ဤသို့တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-(မြန်မာ့အလင်း)



2-1 (01).pmd 1 1/2/2010, 1:19 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဇန်နဝါရီ ၂ရက်)

နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး စက်မှုအတတ်ပညာရှင်များ ပူးပေါင်းပါဝင်ကြိုးပမ်း

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုကဏ္ဍသည် အဓိကကျသည်။စက်မှုနိုင်ငံဖြစ်ရေး ကြိုးပမ်းရာတွင် လက်မှုလုပ်ငန်းများကို စက်မှုလုပ်ငန်းများအဖြစ် ပြောင်းလဲလုပ်ကိုင်နိုင်ရန် လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်က လက်မှုနှင့်စက်မှုလုပ်ငန်းများကို စုစည်းကာ စက်မှုဇုန်များအဖြစ် ထူထောင်ပေးခဲ့သည်။စက်မှုကဏ္ဍတစ်ခေတ်ဆန်းစေရန်အတွက် နိုင်ငံတော်က စက်မှုဆိုင်ရာ အလုပ်ရုံ စက်ရုံများကို ဖွင့်လှစ်ပေးလျက်ရှိရာ ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံ၊ ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာထုတ်လုပ်မှုစက်ရုံတို့ကို ဒီဇင်ဘာလ ၃၁ရက်နေ့က ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရမြို့အနီးရှိ သာဂရစက်မှုနယ်မြေ၌ ဖွင့်လှစ်ပေးခဲ့သည်။

ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံကို ၂၀၀၆ခုနှစ် အောက်တိုဘာလတွင် စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ စီမံကိန်းစက်ရုံတည်ဆောက်မှု၊ စက်ပစ္စည်းများတပ်ဆင် စမ်းသပ်လည်ပတ်မှုနှင့် စမ်းသပ်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ယင်းစက်ရုံမှ 6V 128ZC၊ 8V 128ZC နှင့် 12V 128ZC အင်ဂျင်သုံးမျိုးကို တစ်နှစ်လျှင်အလုံးရေ ၇၀၀ခန့် ထုတ်လုပ်သွားနိုင်မည်ဖြစ်သည်။ ပြည်တွင်းနှင့် ကမ်းရိုးတန်းသွားရေယာဉ်များ၊ လျှပ်စစ်ဓာတ်အားပေးစက်များ၊ မော်တော်ယာဉ်များနှင့် ယန္တရားများအတွက် လိုအပ်သော ဒီဇယ်အင်ဂျင်များကို ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။

ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာစက်ရုံကို ၂၀၀၇ခုနှစ် မေလတွင် စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ စီမံကိန်းစက်ရုံတည်ဆောက်မှု၊ စက်ပစ္စည်းများတပ်ဆင် စမ်းသပ်လည်ပတ်မှုနှင့် စမ်းသပ်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ယင်းစက်ရုံမှ ကီလိုဝပ် ၁၀၀၊ ကီလိုဝပ် ၅၀၀နှင့် ကီလိုဝပ် ၂၀၀၀ Francis တာဘိုင်နှင့် ဂျင်နရေတာများကို တစ်နှစ်လျှင်အစုံ ၅၀ခန့် ထုတ်လုပ်သွားနိုင်မည်ဖြစ်ပြီး နိုင်ငံတစ်ဝန်း ရေအရင်းအမြစ်ရရှိမှုအခြေအနေအရ လိုအပ်သည့်ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာများကို ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကိုတည်ဆောက်ရာတွင် အဓိကကျသော စက်မှုနိုင်ငံအဖြစ်သို့ ကူးပြောင်းထူထောင်နိုင်ရန် အလေးထားဖော်ဆောင်လျက်ရှိရာ စက်မှုအတတ်ပညာရှင်များက နိုင်ငံတော်ပိုင်းနှင့် ပုဂ္ဂလိကပိုင်း နှစ်ပိုင်းစလုံး၌ စွမ်းအားပြည့် ပါဝင်လက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ

ရေအားလျှပ်စစ် စီမံကိန်းဆိုင်ရာစာချုပ်များ လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ စာချုပ်များ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဒီဇင်ဘာ၃၁ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်၊ အနာဂတ်စွမ်းအား ကုမ္ပဏီလီမိတက်၊ Delco ကုမ္ပဏီလီမိတက်၊ High Tech Concrete Technology Co., Ltd. နှင့် Shwe Taung Development Co., Ltd. မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း ပဋိညာဉ်စာချုပ်ကို ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ရွှေစွမ်းအင် ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတို့က လည်းကောင်း၊ ဘီလူးချောင်း(၃)ရေအားလျှပ်စစ်စီမံကိန်း ပဋိညာဉ်စာချုပ်ကို ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အနာဂတ်စွမ်းအား ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတို့ကလည်းကောင်း၊ အညာဖျား ရေအားလျှပ်စစ်စီမံကိန်းအား B.O.T စနစ်ဖြင့် ဆောင်ရွက်ရန်အတွက် နားလည်မှု စာချွန်လွှာ (M.O.U)ကို ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် Delco ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူတို့က လည်းကောင်း အသီးသီး လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ကုမ္ပဏီလီမိတက်များမှ တာဝန်ရှိသူများအား ဧည့်ခန်းမ၌ တွေ့ဆုံပြီး စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

မသန်စွမ်းသူများအားကစားပြိုင်ပွဲ ဆုရရှိသူများအား ထပ်ဆင့်ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် (၂၁)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် အသင်းဝင်အားကစားသမားများအား ထပ်ဆင့်ဂုဏ်ပြုငွေများပေးအပ်ပွဲကို ဒီဇင်ဘာ ၂၃ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အခန်း ဘီ/၁၀၄ အမှတ်၇၉၇ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဝါးတန်းလမ်းထောင့်၌ ကျင်းပသည်။

အဆိုပါအားကစားပြိုင်ပွဲသို့ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) အားကစားအသင်းဝင်များဖြစ်ကြသည့် မြန်မာနိုင်ငံ အရပ်ရပ်မှ မသန်စွမ်းအားကစားသမား ၂၃ ဦးတို့က ရေကူး၊ ကြက်တောင်၊ တင်းနစ်၊ စစ်တုရင်နှင့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲတို့တွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပြီး ရွှေတံဆိပ်၁၁ခု၊ ငွေတံဆိပ် ၁၄ခုနှင့် ကြေးတံဆိပ်၁၅ခု အသီးသီး ဆွတ်ခူးရရှိခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂-၁-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ** (အပိုင်း-၁၁)
- ၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **ပုံပြောကောင်းတဲ့ ကောင်မလေး** ဟိန်းဝေယံ၊ အိန္ဒြာကျော်ဇင်၊ (ဒါရိုက်တာ-သိန်းဟန်) (ဖီးနစ်)
- ၁၃း၅၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၄း၀၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ ဆွဲအား** (အပိုင်း-၅၅)

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွှဲ
- ၄း၂၀ ၄။ မြန်မာသံစဉ် ချိုနားဝင်
- ၄း၃၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၅ ၆။ အမျိုးသားရေးတေးကဗျာ
- ၅း၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၄၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၁။ လျှပ်တစ်ပြက်
- ၆း၃၀ ၁၂။ စားဖိုဆောင်ချစ်သူ
- ၆း၄၅ ၁၃။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားမှတ်တမ်း**(အပိုင်း-၄)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ အင်္ဂလိပ်စာသုတ
- ၂၀။ လူရွှင်တော်စကား
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **အရဏ်ဦးအချစ်** (အပိုင်း-၁၇)

အာစရိယပူဇော်ပွဲအခမ်းအနားကျင်းပရေးနှင့် ဆရာ ဆရာမများ ထောက်ပံ့မှုပြုလုပ်နိုင်ရေး အစည်းအဝေးကျင်းပ

ကန့်ဘလူ ဇန်နဝါရီ ၁

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အာစရိယပူဇော်ပွဲအခမ်းအနား နှစ်စဉ် ကျင်းပနိုင်ရေးနှင့် ဆရာ ဆရာမများ သာရေး၊ နာရေးကူညီထောက်ပံ့မှု ပြုလုပ်နိုင်ရေးအတွက် ငွေပဒေသာပင်စိုက်ထူနိုင်ရန် ကန့်ဘလူမြို့နယ် ပညာရေးကြီးကြပ်မှုကော်မတီ၏ စီစဉ်မှုဖြင့် ပညာရေးဝန်ကြီးဌာန၊ ကန့်ဘလူမြို့မိမြို့ဖအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူဟောင်းတို့မှ ဒီဇင်ဘာ ၂၉ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကော်မတီဖွဲ့စည်းခဲ့သည်။

ဖွဲ့စည်း

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အာစရိယပူဇော်ပွဲအခမ်းအနား နှစ်စဉ် ကျင်းပနိုင်ရေးနှင့် ဆရာ ဆရာမများ သာရေး၊ နာရေးကူညီထောက်ပံ့မှု ပြုလုပ်နိုင်ရေးအတွက် ငွေပဒေသာပင်စိုက်ထူခြင်းလုပ်ငန်းကို ကော်မတီဝင်များဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။ (ပညာရေး)

ရောဝတီမြစ်ကူး အနော်ရထာတံတား (ချောက်)ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်ထား

နေပြည်တော် ဇန်နဝါရီ ၁

ရောဝတီမြစ်ကူး အနော်ရထာတံတား (ချောက်)ရေလမ်းကြောင်းတွင် ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၅)နှင့် (၆)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၄)နှင့် (၅)အကြားမှ လည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရောဝတီမြစ်ရေကျဆင်းလာပြီဖြစ်သဖြင့် ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၃၁ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၃) နှင့် (၄)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၂)နှင့် (၃) အကြားမှလည်းကောင်း ပြောင်းလဲသတ်မှတ်ဖွင့်လှစ်ထားသည်။

ပြသထား

အဆိုပါပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိ၍ ကင်းလွတ်အမြင့်မှာ ၁၇မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင်တြိဂံအမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသထားကာ မဝင်ရမည့်ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသား ပြသထား၍ ညအခါ မီးနီထွန်းပြသထားသည်။

သတိပေးနှိုးဆော်

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်း ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ *(သတင်းစဉ်)*

ခေတ်မီဒီဇယ်လျှပ်စစ်စက်ခေါင်းတွဲ လွှဲပြောင်းပေးအပ်

နေပြည်တော် ဇန်နဝါရီ ၁

မြန်မာ့မီးရထား အင်းစိန်စက်ခေါင်း စက်ရုံမှ ကိုယ်ပိုင်ဒီဇိုင်းဖြင့် ထုတ်လုပ်သည့် ခေတ်မီဒီဇယ်လျှပ်စစ်စက်ခေါင်းတွဲ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇နာရီတွင် နေပြည်တော်ရှိ နေပြည်တော်ဘူတာကြီး၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ အမှတ် (၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

လွှဲပြောင်းပေးအပ်

ရှေးဦးစွာ မြန်မာ့မီးရထားအထွေထွေမန်နေဂျာ (စက်မှုနှင့်လျှပ်စစ်) ဦးထွန်းဦးက အင်းစိန်စက်ခေါင်း စက်ရုံမှ ကိုယ်ပိုင်ဒီဇိုင်းဖြင့် ထုတ်လုပ်သည့် ခေတ်မီဒီဇယ်လျှပ်စစ်စက်ခေါင်းထုတ်လုပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး စက်ခေါင်းနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မြန်မာ့မီးရထား အထွေထွေမန်နေဂျာ (စက်ရုံ၊ အင်းစိန်) ဦးဇောဗယ်လင်တိုင်းက တိုင်းစက်မှုအင်ဂျင်နီယာမှူး ဦးတိုးနီထံ လွှဲပြောင်းပေးအပ်သည်။

ကြည့်ရှု

ယင်းနောက် ဝန်ကြီးများကစက်ခေါင်းသစ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး စက်ခေါင်းသစ်အတွင်း ကြည့်ရှုလေ့လာကြသည်။

တီထွင်ထုတ်လုပ်

ယနေ့ လွှဲပြောင်းပေးအပ်သည့် စက်ခေါင်းသစ်သည် ၂၀၀၈ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူသည့် ဒီဇယ်လျှပ်စစ်စက်ခေါင်းကို အခြေခံ၍ မြန်မာ့မီးရထားအင်းစိန်စက်ခေါင်းစက်ရုံမှ ပညာရှင်များက တီထွင်ထုတ်လုပ်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ အစည်းအဝေး (၁/၂၀၁၀)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်ဝန်ကြီးများ မြန်မာ့မီးရထား အင်းစိန်စက်ခေါင်းစက်ရုံမှ ကိုယ်ပိုင်ဒီဇိုင်းဖြင့် ထုတ်လုပ်သည့် ခေတ်မီဒီဇယ်လျှပ်စစ်စက်ခေါင်းကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မြန်မာ့မီးရထား အင်းစိန်စက်ခေါင်းစက်ရုံမှ ပညာရှင်များက တီထွင်ထုတ်လုပ်ခဲ့သည့် ခေတ်မီဒီဇယ်လျှပ်စစ် စက်ခေါင်းတွဲကို တွေ့ရစဉ်။ (သတင်းစဉ်)

○ *ရှေ့ဖုံးမှ*

ရှင်းလင်း

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူတို့က လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းများဆောင်ရွက်နေမှု၊ ပံ့ပိုးကူညီဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂-၁-၂၀၁၀(စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသောညပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈း၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၁၅ ၇။ (၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ်
၈း၃၀ ၈။ International News
၈း၃၅ ၁၀။ Crossroads Cafe (Episode-20) (Outside Looking In)

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၄၅ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၂း၁၅ ၅။ Yan Can Cook
၁၂း၃၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ**(အပိုင်း- ၅၉)
၁၃း၂၀ ၇။ ဖန်ခါးမြေမှ ရထားလမ်းသစ်
၁၃း၃၀ ၈။ ရုပ်မြင်သံကြားဇာတ်လမ်း **ရေပြင်ညီ** ရန်အောင်၊ ခိုင်သင်းကြည်၊ သစ္စာဝင့်ထည်၊ သူသူဟံသာ (ဒါရိုက်တာ-သက်တင်)
၁၄း၂၅ ၉။ (၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ်
၁၄း၄၀ ၁၀။ International News

ညပိုင်း

၃း၄၅ ၁။ **Myanmar National League MNL Cup(2009)ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Delta United F.Cနှင့် ရန်ကုန်ယူနိုက်တက် F.C)**
၅း၄၅ ၂။ တေးဂီတအစီအစဉ်
၆း၀၀ ၃။ ညနေခင်းသတင်း
၆း၁၅ ၄။ မိုးလေဝသအခြေအနေ
၆း၂၀ ၅။ **အလှရှာမယ်လှကမ္ဘာဝယ်**
၆း၄၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မိုးမြေချစ်သူ** (အပိုင်း-၃၄) (ဇာတ်သိမ်း)
၇း၄၅ ၇။ **အချုပ်အခြာအာဏာစွန့်ရှည်ကြာ ခိုင်မာစေမှုဒို့ရှေးရှု**
၈း၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ ကာတွန်းအစီအစဉ် **ဒိုင်နို ဆောမိသားစုစွန့်စားခန်း** (အပိုင်း-၇၃)
၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွေဦးကဗျာချစ်သံသာ** (အပိုင်း-၂၅)
၁၃။ **ဂီတတံခါးလေးဖွင့်ပါဦး**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတဟောင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် ဇန်နဝါရီ ၁

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်း အမှတ် (၁၀၀)ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး၏ နေအိမ်သို့သွားရောက်၍ ကွယ်လွန်သွားခဲ့သော အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတဟောင်း H.E.Mr.Abdurrahmand Wahid အတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

ကံထူးရှင်ပေါ်ထွက်

နေပြည်တော် ဇန်နဝါရီ ၁

(၂၅၂)ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသော ဆု ကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည် -

ကျပ်သိန်း (၁၀၀၀)
ဥ-၆၄၂၄၃၂

ကျပ်သိန်း(၅၀၀)
က-၅၅၉၇၁၈

ကျပ်သိန်း(၃၀၀)ဆုများ
ဗ-၂၈၃၄၈၃၊ ဥ-၂၆၉၃၄၈

ကျပ်သိန်း(၂၀၀)ဆုများ
ခ-၄၄၆၄၇၂၊ ဒ-၈၈၉၂၈၉
ဆ-၅၃၄၈၀၃၊ တ-၅၃၄၆၂၆
ဈ-၃၈၄၆၉၁

ကျပ်သိန်း(၁၀၀)(မင်္ဂလာစုံတွဲ)
ဗ-၆၀၅၀၃၈ ဗ-၉၉၂၀၀၅
ဥ-၇၀၃၇၈၀ ဓ-၆၂၅၁၀၇
စ-၆၃၈၇၉၈ ည-၁၃၂၈၉၃
ဖ-၁၀၁၇၉၃ ဠ-၉၅၇၆၃၃
ဖ-၂၉၅၁၉၀ ဒ-၃၁၇၇၁၂
ထ-၁၅၆၆၅၁ ခ-၉၆၄၄၉၃
ဓ-၄၇၉၂၃၁

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်+နေ့လယ်+ည)
၃-၁-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် **(မောရသုတ်-ဝဋ္ဋသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်းဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၉း၃၀ ဘဝအသွင် ကဗျာ့အမြင် (မြန်မာဟူသည်) တေးပဒေသာ
၉း၄၅ ဘဝတစ်ကွေ့ အတွေ့အကြုံ(ဖွဲ့)
၁၀း၀၀ မင်္ဂလာလက်ဆောင်
၁၀း၂၅ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ(စိတ်ချမ်းသာကိုယ်ကျန်းမာရလေအောင်) သတင်းစာအာဘော်
၁၀း၃၀ တေးစီးရီး(နှင်းဆီမေ-ပိုင်သက်ကျော်)
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ဆိုကြပျော်ရွှင်တေးသံစဉ်(၅၅)
၁၂း၀၀ စံတော်ချိန် ကလေးအစီအစဉ် (ကလေးများအတွက် တေးသီချင်း-လွတ်လပ်ရေးကို ချစ်မြတ်နိုးသည်)
၁၂း၁၅ နေ့လယ်ခင်းတေးပဒေသာ
၁၂း၃၀ စာအုပ်စာပေလူ့မိတ်ဆွေ စိတ်၏အေးငြိမ်းရာ-ခင်စောတင့်
၁၂း၅၀ နေ့လယ်ခင်း တေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ သိလိုသမျှမေး ကျန်းမာရေး(၁၂)
၁၃း၂၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၇း၃၅ တို့ပြန်ဖြေကြား အနုပညာရှင်များ (နန်းဆုရတီစိုး)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
၁၈း၃၀ သုတစုံကြွယ် သိစေဖွယ် (ရေပင့်ကူ)
၁၈း၄၅ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ Talk on Line (လင်းလင်း) နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ညွှန်းဖွဲ့သီရေး သူ့အလှည့်တေး (အောင်ကိုလတ်) စီးပွားရေးဦးတည်ချက်
၂၀း၄၀ လယ်ယာစီးပွား (လဲမှို့ပင်စိုက်ကြစို့)
၂၀း၅၀ တေးပဒေသာ လူမှုရေးဦးတည်ချက်
၂၁း၀၀ ရင်တွင်းခံစား တေးသီချင်းများ (သင်းသင်းခိုင်)
၂၁း၁၅ ညချမ်းချိန်ခါ တေးပဒေသာ
၂၁း၃၀ ခေတ်မရွေးသောတေး
၂၂း၀၀ အစီအစဉ်ပြီး၏။

ယနေ့ သာယာမည်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ သာယာမည်။

ရုရှားနိုင်ငံ မော်စကိုမြို့၌ နှစ်သစ်ကို ကြိုဆိုသောအားဖြင့် ကျင်းပသည့် ရေခဲပန်းပုပွဲတော်တွင် အနုပညာလက်ရာများကို ဒီဇင်ဘာ ၃၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကျူးဘား ဗာရာဒီဂို အပန်းဖြေစခန်း ခရီးသည်များစွာကို ဆွဲဆောင်နိုင်

ဟာဗားနား ဇန်နဝါရီ ၁

ကျူးဘားနိုင်ငံ၏ ထင်ရှားသည့် ဗာရာဒီဂိုအပန်းဖြေစခန်းသို့ ၂၀၀၉ ခုနှစ်အတွင်း ခရီးသည် တစ်သန်းကျော် လာရောက်လည်ပတ်ခဲ့သည်ဟု ဒီဇင်ဘာ ၃၀ရက်တွင် ကျူးဘားခရီးသွားလုပ်ငန်းက သတင်းထုတ်ပြန်သည်။

လာရောက်လည်ပတ်

ကျူးဘားတစ်နိုင်ငံလုံးသို့ လာရောက်သည့် ခရီးသည်ဦးရေ၏ ၄၀ ရာခိုင်နှုန်းမှာ ကမ်းခြေပြာဟု လူသိများသည့် ဗာရာဒီဂိုအပန်းဖြေစခန်းသို့ လာရောက်လည်ပတ်ခဲ့ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဗီလိုဘာရီရာက ပြောကြားသည်။

ကီလိုမီတာ ၂၀ကျော်ရှည်လျားသည့် ပင်လယ်ကမ်းခြေကြောင့် အဆိုပါအပန်းဖြေစခန်းမှာ ကာရစ်ဘီယံ ဒေသအတွင်း ကမ္ဘာလှည့်ခရီးသည်တို့ အထူးနှစ်ခြိုက်သည့် အပန်းဖြေစခန်းဖြစ်သည်။ ၁၉၅၀ ပြည့်နှစ်က အဆိုပါအပန်းဖြေစခန်း၌ ဟိုတယ် ၁၅ လုံးသာရှိခဲ့ရာမှ ယခုအခါ ဟိုတယ် ၄၈ လုံးရှိလာပြီး လာရောက် ရင်းနှီးမြှုပ်နှံမှုများမှာလည်း မြင့်တက်လာကြောင်း ယင်းသတင်း၌ဖော်ပြသည်။ *(အင်တာနက်)*

မော်ရိုကို၌ လမ်းများတိုးချဲ့ ဖောက်လုပ်

ရာဘတ် ဇန်နဝါရီ ၁

မော်ရိုကိုနိုင်ငံ၏ မော်တော်ကားလမ်း ဆက်သွယ်ရေးကွန်ရက်ကို ၂၀၁၀ခုနှစ်မှ ၂၀၁၅ခုနှစ်အတွင်း လမ်းအရှည် ကီလိုမီတာ ၁၈၀၀အထိ တိုးချဲ့ဖောက်လုပ်သွားမည်ဖြစ်ကြောင်း အယ်မက်ဆေး သတင်းစာက ဒီဇင်ဘာ ၃၁ရက်၌ ဖော်ပြသည်။

မော်ရိုကို နိုင်ငံတောင်ပိုင်းနှင့် အရှေ့ အလယ်ပိုင်းတွင် တည်ဆောက်လျက်ရှိသည့် အဝေးပြေးလမ်းမကြီးနှစ်ခုမှာ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၁ခုနှစ်တို့၌ ပြီးစီးမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်ဆယ်စုနှစ် နှစ်စုမှ စတင်ကာ အဆင့်မြင့် အဝေးပြေးလမ်း ကွန်ရက်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

နိုင်ဂျီးရီးယား အဓိကရုဏ်း လူ ၇၀ကျော်သေဆုံး

လေဂို့စ် ဇန်နဝါရီ ၁

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ဘော်ချီပြည်နယ်၌ ဒီဇင်ဘာ ၂၉ရက်က လုံခြုံရေးတပ်ဖွဲ့နှင့် ကာလိုကာတိုဂိုဏ်းသား တို့အကြား အဓိကရုဏ်းဖြစ်ပွားရာ လူပေါင်း ၇၀ကျော် သေဆုံးခဲ့ရကြောင်း ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။

ကြေညာ

ထိုနေ့က သုံးလေးနာရီကြာ အဓိကရုဏ်းဖြစ်ပွားစဉ်အတွင်း လူပေါင်း ၁၀၀၀ ကျော် အိုးအိမ်စွန့်ခွာထွက်ပြေး ကြရပြီး သေဆုံးသူဦးရေမှာလည်း ထပ်မံတိုးလာဖွယ်ရှိကြောင်း အေအက်ဖ်ပီသတင်းဌာနက ကြေညာသည်။

(အင်တာနက်)

ပင်လယ်ဓားပြ ထိရောက်စွာ နှိမ်နင်းရေး တရုတ်ရေတပ်စခန်းဖွင့်ရန် စဉ်းစားလျက်ရှိ

ပေကျင်း ဇန်နဝါရီ ၁

ပင်လယ်ဓားပြ ထိရောက်စွာ နှိမ်နင်းရေးအတွက် တရုတ်နိုင်ငံက အေဒင်ပင်လယ်ကွေ့အတွင်း ရေတပ်စခန်းတစ်ခု ဖွင့်လှစ်ထားရှိရန် စဉ်းစားလျက်ရှိကြောင်း ဒီဇင်ဘာ ၃၀ရက်က အင်တာနက်ဝက်ဘ်ဆိုက်ရှိ တွေ့ဆုံမေးမြန်းခန်း၌ တရုတ်ရေတပ် ထိပ်တန်းအရာရှိတစ်ဦးက ပြောကြားသည်။

ဖွင့်လှစ်

လောလောဆယ်တွင် အေဒင်ပင်လယ်ကွေ့ရှိ ပြင်သစ်ရေတပ်စခန်းကို တရုတ်ရေတပ်က အသုံးပြုလျက်ရှိသည်။ ထိုဒေသအတွင်း အမေရိကန်၊ ဥရောပသမဂ္ဂနှင့် ဂျပန်နိုင်ငံတို့က ရေတပ်စခန်းများ အသီးသီး ဖွင့်လှစ်ထားရှိသည်။

စေလွှတ်

ပင်လယ်ဓားပြများ နှိမ်နင်းရေးအတွက် ဆိုမာလီကမ်းလွန်တွင် တရုတ်နိုင်ငံက ၂၀၀၈ခုနှစ် နှောင်းပိုင်းကတည်းက စစ်သင်္ဘောလေးစင်းကို စေလွှတ်ဖြန့်ချထားသည်ဟုသိရသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ရှန်စီပြည်နယ် ယန်ချောင်မြို့ရှိ အိမ်တွင်းလက်မှုလုပ်ငန်းတစ်ခု၌ မီးအိမ်ပြုလုပ်နေသည်ကို ဒီဇင်ဘာ ၃၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အင်ဒိုနီးရှား၌ အလုပ်လက်မဲ့နှုန်းလျှော့ချရန် သမ္မတဆူစီလိုဘန်ဘန်းယူဒိုယိုနို ရည်မှန်းထား

ဂျကာတာ ဇန်နဝါရီ ၁

အင်ဒိုနီးရှားနိုင်ငံသည် ယင်း၏အလုပ်လက်မဲ့နှုန်းကို လက်ရှိ ၇ဒသမ၈၇ ရာခိုင်နှုန်းရှိနေရာမှ ၂၀၁၄ ခုနှစ်တွင် ၅ ရာခိုင်နှုန်းခန့်အထိ လျှော့ချသွားရန် ရည်ရွယ်ထားကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးအလားအလာကောင်းမွန်မှုကို ကျောထောက်နောက်ခံပြု၍ ယင်းကဲ့သို့ရည်မှန်းခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတဆူစီလိုဘန်ဘန်းယူဒိုယိုနိုက ဂျကာတာမြို့၌ ဒီဇင်ဘာ ၂၈ရက်တွင် ပြောကြားသည်။

၂၀၀၉ ခုနှစ် ဇူလိုင်လတွင် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရသော သမ္မတယူဒိုယိုနိုက ၎င်း၏သမ္မတ ရာထူးသက်တမ်းကုန်ဆုံးသည့် ၂၀၁၄ခုနှစ်တွင် လက်ရှိဆင်းရဲနွမ်းပါးမှုနှုန်း ၁၄ ဒသမ ၅ရာခိုင်နှုန်းရှိနေရာမှ ၈ ရာခိုင်နှုန်းအထိ လျှော့ချသွားရန် သန္နိဋ္ဌာန်ချထားသည်ဟု သိရသည်။

ပြောကြား

မိမိတို့အနေဖြင့် ၂၀၁၄ ခုနှစ်ကုန်တွင် အလုပ်လက်မဲ့နှုန်း ၅ရာခိုင်နှုန်း သို့မဟုတ် ၆ရာခိုင်နှုန်းထက်မပိုစေလိုကြောင်း၊ ဆင်းရဲနွမ်းပါးမှုနှုန်းကိုလည်း ၈ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်း ကြားသာ ရှိစေလိုကြောင်းဖြင့် သမ္မတယူဒိုယိုနိုက အစိုးရနန်းတော်၌ ပြောကြားသည်။

ပြန်လည်ကောင်းမွန်

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့ငွေကြေးအကျပ်အတည်း ရိုက်ခတ်ခံရမှုမှ ပြန်လည်ဦးမော့လာပြီဖြစ်ကြောင်း၊ ကမ္ဘာ့ငွေကြေးအကျပ်အတည်းကြောင့် အင်ဒိုနီးရှားနိုင်ငံ၏ စက်မှုလုပ်ငန်းများနှင့် ပို့ကုန်များကို ထိခိုက်ခဲ့ရသည့်အပြင် အလုပ်လက်မဲ့ အမြောက်အမြားဖြစ်ခဲ့ရကြောင်း၊ ယခုအခါယင်းအခြေအနေမှ ပြန်လည်ကောင်းမွန်စပြုလာပြီဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အာဖဂန်၌ နေတိုးတိုက်ခိုက်မှု အရပ်သားခုနစ်ဦးသေဆုံး

ကဘူးလ် ဇန်နဝါရီ ၁

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟယ်လ်မန့်ပြည်နယ်တွင် ဒီဇင်ဘာ ၃၀ ရက်က ပြုလုပ်ခဲ့သော စစ်ဆင်ရေးအတွင်း အပြစ်မဲ့ အရပ်သား ခုနစ်ဦးသေဆုံးခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးက ပြောကြားသည်။

လေကြောင်းမှတိုက်

နေတိုးတပ်ဖွဲ့များက အကြမ်းဖက်သမားများခိုအောင်းရာဟု သံသယရှိသည့် နေရာများကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ရာမှ အရပ်သားများ သေဆုံးခဲ့ခြင်းဖြစ်သည်။

ပြည်နယ်တာဝန်ရှိသူများက သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူများ၏ မိသားစုများအား ထောက်ပံ့ကူညီပြီး ယင်းတိုက်ခိုက်မှုကို စစ်ဆေးရန် အဖွဲ့တစ်ဖွဲ့စေလွှတ်ခဲ့ကြောင်း ဆင်ဟွာကဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဖိလစ်ပိုင်နိုင်ငံ ကမ်းရိုးတန်းဒေသ၌ လွန်ခဲ့သောရက်အနည်းငယ်က နစ်မြုပ်ခဲ့သည့် ကူးတို့ရေယာဉ်မှ ပျောက်ဆုံးလျက်ရှိသော ခရီးသည်များအား ကယ်ဆယ်ရေးလုပ်ငန်းများ ပြုလုပ်နေသည်ကို ဒီဇင်ဘာ ၃၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဂျပန်လေကြောင်းလိုင်း အစုရှယ်ယာများထိုးကျ

တိုကျို ဇန်နဝါရီ ၁

ဂျပန်လေကြောင်းလိုင်း၏ အစုရှယ်ယာသည် ယခုနှစ် အရောင်းအဝယ်လုပ်ငန်းနောက်ဆုံးနေ့တွင် စံချိန်တင်လောက်အောင် ထိုးကျသွားခဲ့သည်။ အထင်ကရ လေကြောင်းလိုင်းကြီးဖြစ်သည့် အဆိုပါဂျပန်လေကြောင်းလိုင်းသည် လူမွဲစာရင်းသွင်းခံရတော့မည့် အခြေအနေဖြစ်နေပြီဟု ထင်ကြေးပေးနေကြချိန်တွင် ယင်းကဲ့သို့ ထိုးကျသွားခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ၏ အစုရှယ်ယာများသည် ဒီဇင်ဘာ ၃၀ ရက်တွင် ရက်သတ္တပတ် သုံးပတ်အတွင်း အလွန်အမင်းကျဆင်းသွားကြောင်း၊ ဒုက္ခရောက်နေသော ဂျပန်လေကြောင်းလိုင်းကော်ပိုရေးရှင်း (ဂျေအေအယ်လ်) အစုရှယ်ယာငွေကို ရင်းနှီးမြှုပ်နှံသူများက ဆက်လက်ထုတ်ယူနေကြချိန်တွင် ယင်းကဲ့သို့ ကျဆင်းသွားခြင်းဖြစ်ကြောင်း သိရသည်။

ကြွေးမြီ ဝန်ထုပ်ဝန်ပိုး ပိနေသော ဂျပန်လေကြောင်းလိုင်းကို ဂျပန်အစိုးရက ၂၀၀၁ခုနှစ်ကတည်းက ငွေကြေးအကျပ်အတည်းမှ လေးကြိမ်တိုင်တိုင် ကယ်တင်ပေးခဲ့သော်လည်း ဂျပန်အစိုးရအနေဖြင့် ယင်းဂျပန်လေကြောင်းလိုင်းကို ချေးငွေများ နောက်ထပ်ထုတ်ပေးတော့မည်မဟုတ်ကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီး ဟီရိုဟီဆာဖူဂျီက ပြောကြားသည်။ **(အင်တာနက်)**

နေတိုးလောင်စာဆီတင်ယာဉ် ပစ်ခတ်ခံရ နှစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

ကရာချိ ဇန်နဝါရီ ၁

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းရှိ မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့ (နေတိုး)လောင်စာဆီတင်ယာဉ်တစ်စီးကို စစ်သွေးကြွများ တိုက်ခိုက်သဖြင့် နှစ်ဦး ထက်မနည်းသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသွားကြောင်း အရာရှိများက ပြောကြားသည်။

အမည်မသိ စစ်သွေးကြွများက ဘာလိုချက်စတန်ပြည်နယ်ရှိ ကာလတ်ဒေသတွင် နေတိုးလောင်စာဆီတင်ယာဉ်ကို ဒီဇင်ဘာ ၃၀ရက် ညနေပိုင်းက ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ရဲအရာရှိများက ရုပ်မြင်သံကြားပြန်ကြားရေးအစီအစဉ်သို့ ဒီဇင်ဘာ ၃၁ ရက်၌ ပြောကြားသည်။

ပစ်ခတ်

အဆိုပါ လောင်စာဆီတင်ယာဉ်သည် အာဖဂန်နစ္စတန်နိုင်ငံတွင် စခန်းချထားသည့် နေတိုးတပ်ဖွဲ့အတွက် လောင်စာများပို့ရန် ကရာချိမြို့မှ ချာမင်တောင်ကြားကိုဖြတ်၍ မောင်းနှင်နေစဉ် ယင်းကဲ့သို့ ပစ်ခတ်ခံရခြင်းဖြစ်သည်။ **(အင်တာနက်)**

မြောက်ဝါဇီရစ္စတန်၌ အမေရိကန်တို့ လေကြောင်းမှတိုက်ခိုက်

ကရာချိ ဇန်နဝါရီ ၁

ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်ဒေသရှိ တာလီဘန်အကြမ်းဖက်သမားများ ခိုအောင်းရာဒေသကို ပစ်မှတ်ထားလျက် ဒီဇင်ဘာ ၃၁ရက်၌ အမေရိကန်တို့ လေကြောင်းမှ ဒုံးကျည်ဖြင့်ပစ်ခတ်ရာ နှစ်ဦးသေဆုံးပြီး များစွာဒဏ်ရာရရှိကြောင်း ဒေသအာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်သည်။

သေဆုံး

ပါကစ္စတန်၌ ၂၀၀၆ခုနှစ်ကတည်းက အမေရိကန်တို့လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ရာပေါင်းများစွာသော အရပ်သားများသေဆုံးခဲ့သည်။ **(အင်တာနက်)**

အထူးအယူခံခုံရုံး နေပြည်တော်၌ ရုံးထိုင်ကြားနာ

နေပြည်တော် ဇန်နဝါရီ ၁

တရားရုံးချုပ် (ရန်ကုန်) ဒုတိယ တရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် (ရန်ကုန်)မှ တရားရုံးချုပ် တရားသူကြီးများ ဖြစ်ကြသော ဒေါက်တာတင်အောင်အေးနှင့် ဦးမြင့်သိန်းတို့ပါဝင်သော အထူးအယူခံခုံရုံးသည် ဒီဇင်ဘာ ၂၈ရက်က တရားရုံးချုပ် (နေပြည်တော်) တရားခွင် အမှတ်(၁)၌ ရုံးထိုင်၍ ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု လေးမှုကို ကြားနာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁

ပညာရေးဝန်ကြီးဌာန၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းသားကျောင်းသူများ၏ ဂီတဖျော်ဖြေမှုနှင့် ကျွမ်းကျင်မှုပြပွဲကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက် ကြည့်ရှုအားပေးသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ နေပြည်တော် ခရိုင်နှင့် နေပြည်တော်ပျဉ်းမနား၊နေပြည်တော် တပ်ကုန်းနှင့် နေပြည်တော်လယ်ဝေးမြို့နယ် တို့မှ မြို့နယ် ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ထူးချွန်ကျောင်းသား ကျောင်းသူ ၁၄ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ခင်းကျင်းပြသထား

ထို့နောက် ဧည့်သည်တော်များသည် ကျောင်းအားကစားခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပညာရေးဖွံ့ဖြိုးမှု ဗဟိုပြကွက်တွင် နိုင်ငံတော်အကြီးအကဲ၏ ပညာရေးဆိုင်ရာ လမ်းညွှန်ချက်များ၊ ပညာရေးကဏ္ဍအနှစ် (၃၀) နှစ်ရှည်စီမံကိန်းလုပ်ငန်းများနှင့် ဝန်ကြီးဌာန၏ရည်ရွယ်ချက်များ၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ သင်ကြားသင်ယူမှု ပြကွက်၊ နိုင်ငံတော်အကြီးအကဲ၏ ပညာရေးဆိုင်ရာ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုပြကွက်၊ ပညာရေးစွမ်းဆောင်မှုမှတ်တမ်းပြကွက်၊ ပညာရေး လက်တွေ့ဖွံ့ဖြိုးမှု ပြကွက်၊ အခြေခံပညာ ကျောင်းသားကျောင်းသူများ၏ ပန်းချီ အနုပညာပြခန်း၊ တက္ကသိုလ်ကောလိပ် အသီးသီး၏သုတေသန ဆောင်ရွက်ချက်များ၊ ပညာရေးဝန်ကြီးဌာန သိပ္ပံပစ္စည်းအလုပ်ရုံမှ ထုတ်လုပ်သည့် သိပ္ပံပစ္စည်းများ၊ ကျောင်းသင်နှင့် ကျောင်းပြင်ပ ပညာရေးပြကွက်၊ မြန်မာစာအဖွဲ့ဦးစီးဌာနက ပြုစုထုတ်ဝေသော စာအုပ် စာစောင်များ၊ တက္ကသိုလ်ဝင်စာမေးပွဲဆိုင်ရာ မှတ်တမ်းများပြကွက်၊ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းနေရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထူးခြားစွာ ကျောင်းတက်ရောက်လာနိုင်သည့် ကျောင်းသား ကျောင်းသူများနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဂုဏ်ထူးဆောင် ကျောင်းသားကျောင်းသူများ၏ မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဖျော်ဖြေတင်ဆက်

ယင်းနောက် ဧည့်သည်တော်များသည် အခြေခံပညာ ကျောင်းသားကျောင်းသူများ၏ ဂီတဖျော်ဖြေမှုနှင့် ကျွမ်းကျင်မှု ပြပွဲကို ကြည့်ရှုအားပေးကြရာ နေပြည်တော်ဇေယျာသီရိမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက ''မြန်မာ့ကျောင်း'' တေးသီချင်းဖြင့် လည်းကောင်း၊ အမှတ်(၃)အခြေခံပညာ ဦးစီးဌာနမှ ကျောင်းသားကျောင်းသူများက ''စုံညီပွဲတော်တို့နွဲပျော်'' တေးသီချင်းနှင့် ''အောင်စေပိုင်စေ'' အဆိုအကများဖြင့် လည်းကောင်း၊ အကြားအာရုံချို့ယွင်း သော ကျောင်းသူများက ''ပန်းဥယျာဉ်'' ယိမ်းအကဖြင့်လည်းကောင်း၊ ၂၀၀၉ ခုနှစ် အာရှလူငယ် တံခွန်စိုက်ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသားကျောင်းသူများက ဝူရှူးလက်သိုင်းကွက်၊ ကျန်စု(ခ) ဓားသိုင်းကစားကွက်နှင့် သွေ့လျှံ(ခ)သုံးယောက်တွဲ တိုက်ကစားကွက်များဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန ပညာရေးစုံညီပွဲတော် ပညာရေးဖွံ့ဖြိုးမှုပြခန်း၊ ဂီတဖျော်ဖြေမှုနှင့် ကျွမ်းကျင်မှုပြပွဲကို ဇန်နဝါရီ ၁ရက်မှ ၃ရက်အထိ ပြသဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကရဝိက်ဥယျာဉ်ကမ္ဘာ၏ စာရေးသူ၊ ဖတ်သူ တွေ့ဆုံပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၁

တတိယအကြိမ်မြောက် ကရဝိက်ဥယျာဉ်ကမ္ဘာ၏ စာရေးသူ၊ ဖတ်သူ တွေ့ဆုံပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီး ပန်းခြံရှိ ကရဝိက်ဥယျာဉ်ကမ္ဘာ၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ(၁) ဦးတင်ခ (တက္ကသိုလ်တင်ခ)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမြတ်ခိုင် (မြတ်ခိုင်)တို့က စာအုပ်ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို ဆိုင်ခန်း ပေါင်း၈၆ခန်းဖြင့် ဇန်နဝါရီ ၂ ရက်မှ ၈ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။ **(ယာပုံ) (သတင်းစဉ်)**

ရေပြာဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

နေပြည်တော် ဇန်နဝါရီ ၁

ဗိုလ်မှူးဇော်ထွန်းဦးသည် ကစားဖော်များဖြစ်ကြသည့် ဗိုလ်မှူးဝင်းဇော်၊ ဗိုလ်မှူးကံဇော်ဦး၊ ဗိုလ်မှူးလွင်ထွန်းတို့နှင့်အတူ ဒီဇင်ဘာ ၁၈ ရက်က ရေပြာဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် ၁၉၂ကိုက် ဝေးသည့် ကျင်းအမှတ်(၈)သို့ Serixon Soft fell Ball No.3 ဘောလုံးကို Taylar Made Iron No.4 တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

အောက်ပိုင်းဒေသများတွင် ညအပူချိန်တိုးလာနိုင်

နေပြည်တော် ဇန်နဝါရီ ၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူအချိန်များမှာ စစ်ကိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်နှင့်ပဲခူးတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

ယနေ့ညနေအထိ ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်း ဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ-စုစည်းရေးသားသည်

ရုရှားနှင့်ဂျော်ဂျီယာ တိုက်ရိုက်လေကြောင်းပျံသန်း

ရုရှားအစိုးရသည် ၂၀၀၈ခုနှစ် ဩဂုတ်လတွင် ရုရှားနှင့် ဂျော်ဂျီယာကြား အချိန်တိုစစ်ပွဲဖြစ်ပွားခဲ့ပြီးနောက် နှစ်နိုင်ငံအကြား ပထမဦးဆုံးအကြိမ် တိုက်ရိုက်လေကြောင်းပျံသန်းမှုများပြုလုပ်ရန် ရုရှားအစိုးရက တရားဝင်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်းဖြင့် ရုရှားပို့ဆောင်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၃၁ရက်တွင် ကြေညာသည်။

တရုတ်၌ အမှတ်(၂)ဓာတ်ငွေ့ပိုက်လိုင်း စတင်ဖွင့်လှစ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်ပိုင်းရှိ အရှေ့အနောက် ဆက်သွယ် ထားသည့် အမှတ်(၂)ဓာတ်ငွေ့ပိုက်လိုင်းမှ ဓာတ်ငွေ့များ ဒီဇင်ဘာ ၃၁ရက်ကစတင်၍ ဖြန့်ဖြူးပေးနေပြီဖြစ်ကြောင်း၊ ယခုအခါ အဆိုပါဓာတ်ငွေ့ပိုက်လိုင်းသည် အာရှ အလယ်ပိုင်းမှ စင်ကျန်အူဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ သဘာဝဓာတ်ငွေ့များ ပို့လွှတ်ပေးနိုင်ပြီဖြစ်သည်။

မက္ကဆီကို ဘဏ်နှစ်ခု၌ ပုံးပေါက်ကွဲမှုဖြစ်ပွား

မက္ကဆီကိုနိုင်ငံအလယ်ပိုင်း မက္ကဆီကိုပြည်နယ်ရှိ မြူနီစီပယ်မြို့များဖြစ်သော တိုလူကာနှင့်မီတီပက်မြို့တို့ရှိ ဘဏ်နှစ်ခုတွင် လက်လုပ်ဗုံးနှစ်လုံး ဒီဇင်ဘာ ၃၁ရက်က ပေါက်ကွဲသဖြင့် အဆောက်အအုံအတွင်းအပြင် အပျက်အစီးများရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

လစ်သူယေးနီးယား နျူကလီးယားဓာတ်အားပေးစက်ရုံ ပိတ်ရန်စီစဉ်

လစ်သူယေးနီးယားနိုင်ငံ အင်နားလီးနားစွမ်းအင်စက်ရုံ ပိတ်ထားလိုက်ခြင်းဖြင့် လျှပ်စစ်ဓာတ်အားခနှုန်းများ မြင့်မားလာမည်ဖြစ်ကြောင်း ဝေဖန်ပြောကြားနေကြသည်ဟု သိရသည်။ လစ်သူယေးနီးယားနိုင်ငံသည် ဥရောပသမဂ္ဂ(အီးယူ)အဖွဲ့ဝင်နိုင်ငံ ဖြစ်လာရေးအတွက် ယင်းသဘောတူ လက်ခံထားသည့် စည်းကမ်းချက်များနှင့်အညီ ၄င်းနျူကလီးယား ဓာတ်ပေါင်းဖိုကို စီးပွားရေး အကျပ်အတည်းကြုံနေချိန်၌ ပိတ်ထားရန် ဆုံးဖြတ်လိုက်ရသည်ဟုလည်း သိရသည်။ (အောက်ပုံ)

ပါပူဝါနယူးဂီနီ၌ လေယာဉ်ပျက်ကျ၊ ခြောက်ဦးသေဆုံး

ပစိဖိတ်သမုဒ္ဒရာ အနောက်တောင်ပိုင်းရှိ ပါပူဝါနယူးဂီနီတွင် ဆက်စနာ ၁၈၅ လေယာဉ်ပျက်ကျသဖြင့် ကလေးနှစ်ဦး အပါအဝင် ခြောက်ဦးသေဆုံးသွားကြောင်း သတင်းရရှိသည်။ အဆိုပါ လေယာဉ်ငယ်သည် ပါပူဝါနယူးဂီနီနိုင်ငံရှိ တောတောင်ထူထပ်သည့် မိုရိုဘီဒေသတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်ဟုလည်း သိရသည်။

ဆန်ဖရန်စစ္စကို၌ ရထားမတော်တဆမှုဖြစ်ပွား

အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့တွင် ပြေးဆွဲနေသည့် အလုပ်ဆင်း အလုပ်တက်ရထား ဒီဇင်ဘာ ၃၁ရက်က မတော်တဆမှုနှစ်ကြိမ်ဖြစ်ပွားသဖြင့် နှစ်ဦးသေဆုံးသွားကြောင်း ဆန်ဖရန်စစ္စကို မီဒီယာများတွင် ဖော်ပြထားသည်။ ရထားလမ်းပေါ်၌ လမ်းလျှောက်နေသည့် အမျိုးသမီးတစ်ဦးလည်း ရထားနှင့်တိုက်မိပြီး သေဆုံးကြောင်း သိရသည်။

ဖင်လန်မြို့တော် ဈေးကြီးအတွင်း ပစ်ခတ်မှုဖြစ်ပွား

ဖင်လန်နိုင်ငံမြို့တော် ဟယ်ဆင်ကီအနီး အက်စ်ပူးမြို့ရှိ ဈေးကြီးတစ်ဈေး၌ ဒီဇင်ဘာ ၃၁ရက်က ပစ်ခတ်မှုဖြစ်ပွားသဖြင့် လေးဦးထက်မနည်း သေဆုံးသွားကြောင်း သတင်းရရှိသည်။ ပစ်ခတ်သူဟု မီဒီယာများက သတင်းပေးဖော်ပြခဲ့သည့် ဆယ်ကျော်သက်အရွယ် လူငယ်သေနတ်သမားအား ရဲများက လိုက်လံရှာဖွေနေသည်ဟုလည်း သိရသည်။

အီရန် အရှေ့တောင်ပိုင်း၌ ဘတ်စ်ကားမှောက်၍ ကိုးဦးသေဆုံး

အီရန်နိုင်ငံ အရှေ့တောင်ပိုင်း ဘမ်-ကာမင်လမ်းမကြီးပေါ်၌ ဘတ်စ်ကားတစ်စီး တိမ်းမှောက်သွားသဖြင့် ကိုးဦးသေဆုံးသွားကြောင်း သတင်းရရှိသည်။ အဆိုပါ ဘတ်စ်ကားသည် အီရန်နိုင်ငံ အရှေ့တောင်ပိုင်းရှိ ဇာဟီဒန်မြို့မှ အီရန်နိုင်ငံ အလယ်ပိုင်းရှိ ယာ့ဇ်မြို့သို့ ဒီဇင်ဘာ ၃၁ရက်ညနေက မောင်းနှင်နေစဉ် ယင်းကဲ့သို့ တိမ်းမှောက်သွားခြင်းဖြစ်သည်ဟု ကာမင်ပြည်နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး မာဆော့ချက်ဖာရီယင်က ပြောကြားသည်။ *(အင်တာနက်)*

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

သမိုင်းခရီး၏ မှတ်တိုင်သစ်

ချစ်နိုင် (စိတ်ပညာ)

“မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများကို ပိုင်ဆိုင်ထားပါသည်။ မြန်မာနိုင်ငံ၏ ကြွယ်ဝသော သယံဇာတနှင့် စိုက်ပျိုးမြေများ၊ ကောင်းမွန်သော ရာသီဥတု၊ အလုပ်ကြိုးစားသော နိုင်ငံသားများနှင့် အားကောင်းသော လူမှုအရင်းအမြစ်များကိုအခြေခံကာ စီးပွားရေး ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ပါက မကြာသောနှစ်ကာလတွင် ဖွံ့ဖြိုးတိုးတက်မှုလမ်းပေါ်သို့ ရောက်လာမည်။”

ကမ္ဘာ့ကျော်စီးပွားရေးပညာနိုဘယ်လ်ဆုရပါမောက္ခ
ဒေါက်တာဂျိုးဇက်၊ စတစ်ဂလစ်
(၁၇-၁၂-၂၀၀၉၊ နေပြည်တော်)

မြန်မာနိုင်ငံသည် သဘာဝအားဖြင့် သာယာလှပသော တိုင်းပြည်ကြီးတစ်ပြည်ဖြစ်သည်။ ရာသီဥတုကလည်း နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံး ချစ်ခင်စွဲမက်စဖွယ်ကောင်းသည်။ အချို့တိုင်းပြည်များကဲ့သို့ လွန်ကဲစွာ မအေး၊ လွန်မင်းစွာ မပူ။ တောတောင်ရေမြေ တောင်တန်းကြီးတွေ၊ မြစ်ချောင်းတွေ၊ ပင်လယ်ကမ်းခြေ ဤကဲ့သို့ တင့်တယ်ပြည့်စုံအောင် အဘယ်သို့သော နတ်ဖြဗ္ဗာများက ဖန်ဆင်းထားခဲ့လေသလဲ မသိ။ ကမ္ဘာမြေပြင်ပေါ်က ကောင်းကင်ဘုံ ပါရာဒိုက်စ်ပေပဲ။

သို့သော် လှပမှုနှင့် ကြွယ်ဝမှုကြောင့်ပင် အန္တရာယ်ဘေးရန်စွယ်က ကျရောက်ခဲ့တော့သည်။ဒတ်ချ်၊ ပေါ်တူဂီ၊ ပြင်သစ်နှင့် ဗြိတိသျှတို့သည် ခေတ်နောက်ကျသော အာရှ၊ အာဖရိကနိုင်ငံများကို သမင်အုပ်အား ခြင်္သေ့တွေကဖမ်း၍ ကိုက်စားဝါးမျိုကြသကဲ့သို့ အလုအယက် နယ်ချဲ့တိုက်ခိုက် သိမ်းပိုက်ခဲ့ကြရာ နယ်ချဲ့အင်္ဂလိပ်သားရဲကောင်၏ နောက်ဆုံးသားကောင်သည် သီပေါမင်းအုပ်ချုပ်နေသော မြန်မာပြည်ဖြစ်ခဲ့ရှာလေသည်။ ရုတ်တရက်ချက်ချင်း လက်သည်းထုတ်ပြီး ခုန်အုပ်လိုက်ခြင်းတော့ မဟုတ်ပါ။

၁၈၂၄ ခုနှစ်မှ စတင်ပြီး ၁၈၈၅အထိ။ ၆၂နှစ် လုံးလုံးမှာ သားကောင်ကို ထွေးလုံးရစ်ပတ် သတ်ပုတ် နှိပ်စက်ခဲ့၏။

၁၈၈၆ ဇန်နဝါရီလ ၁ရက်မှာတော့ သားကောင်သည် ဗြိတိသျှဘုရင်မ၏ ပိုက်နက်နယ်မြေစာရင်းအတွင်းသို့ သွတ်သွင်းခြင်း ခံရလေတော့သည်။

မြန်မာပြည်ဟူ၍ ကမ္ဘာ့မြေပုံပေါ်၌ မရှိတော့ပြီ။

မြန်မာ့အလံဟူ၍ ဘယ်မှာမှ စိုက်ထူခွင့်မရတော့ပြီ။

ရွှေမှန်ကင်းအစစ်က ထင်းဖြစ်ခဲ့ရပြီ။ မြန်မာတွေ ကျွန်ဖြစ် နွံနစ်ပြီ။ အင်္ဂလိပ်က မြန်မာဘုရင်လက်ထက်သုံးစွဲသော ငွေကြေးအားလုံးကို အသိအမှတ်မပြုဟု ရက်စက်စွာ ဖျက်သိမ်းလိုက်၏။ ဂျပန်တပ်တွေဝင်လာတော့ အင်္ဂလိပ်လက်ထက်က ကျပ်၊ ပဲ၊ ပိုင်၊ မူး၊ မတ်တွေ လုံးဝတရားမဝင်ဟု ဂျပန်စစ်အစိုးရက ပယ်ဖျက်လိုက်ပြန်ပါ၏။ မြန်မာပြည်သူ မွဲပေပြီ။ အင်္ဂလိပ်တစ်ဖန်ပြန်ဝင်လာတော့ ဂျပန်ငွေစက္ကူတွေ သုံးမရဟု တစ်ဖက်သတ် ကြေညာလိုက်ပြန်၏။ မြန်မာပြည်သူတွေမှ မမွဲလျှင် ဘယ်သူမွဲပါမည်နည်း။ နယ်ချဲ့စစ်၊ ကျူးကျော်စစ်ကြောင့်လည်း တိုင်းပြည် ပြာပုံဖြစ်ခဲ့ရပြီ။ မုဆိုးမလက်ထဲက ငွေစက္ကူ စုတ်ကလေးတောင်မချန် လုံးဝသုံးလို့မရဆိုတော့ နယ်ချဲ့ပြည်ပအစိုးရတွေ၏ အနိုင်ကျင့်နှိပ်စက်ပုံကား ကမ်းကုန်ပါပြီ။ နယ်ချဲ့နှင့် ဖက်ဆစ်တို့လက်အောက် ဒီမြန်မာတွေ မမွဲချာဘဲ ဘယ်နေမလဲ။ အနေဆင်းရဲ၊ အစားဆင်းရဲ၊ လူမှုဘဝ နိမ့်ကျခဲ့ရရှာပြီပေါ့။

၁၈၈၆ မှ ၁၉၄၈ အထိ။ ၆၂နှစ် လုံးလုံး မြန်မာပြည်သူတို့သည် ဗြိတိသျှသံဖနောင့်အောက်မှ လွတ်မြောက်ရအောင် ကုန်းရုန်းထခဲ့ကြ၏။ လွတ်လပ်ရေးအတွက် ၆၂နှစ်တာမျှ သွေး အသက်ပေါင်းများစွာပေးဆက်၍ တိုက်ပွဲဝင်ခဲ့ကြ၏။ မြန်မာတို့ သွေးနှင့်ရေးခဲ့သည့် လွတ်လပ်ရေးပါ။ မင်းကြီး ရွှေလရောင်ကို အင်္ဂလိပ်က ခေါင်းဖြတ်သတ်ပြခဲ့၏။ ကြည့်ကြ၊ ကြည့်ကြ။ ကုလားဖြူနယ်ချဲ့ဆိုတာ ဘယ်လိုလူလဲ သိပြီလားကွ။

“ဒီမိုကရေစီ ထူထောင်မြှင့်တင်ရေးကိစ္စတွင် ယုံကြည်မှုတည်ဆောက်ရေးသည် အလွန်အရေးကြီးသည်။ နိုင်ငံရေးသိပ္ပံပညာရှင်တို့က ယုံကြည်မှုတည်မြဲမှ ဒီမိုကရေစီမြဲမည်ဟု ပြောသည်။

အင်စတီကျူးရှင်းတို့၌လည်း နိုင်ငံတော်ဆိုင်ရာ အင်စတီကျူးရှင်းနှင့် လူ့အဖွဲ့အစည်းဆိုင်ရာ အင်စတီကျူးရှင်းဆိုပြီး နှစ်မျိုးရှိသည်။ ယုံကြည်မှု Trust သည် နှစ်မျိုးစလုံးအပေါ်၌ ခိုင်မြဲရမည်။”

ဆရာမောင်စူးစမ်း
(ယုံကြည်မှုဆယ်ပါး၊ ဒီမိုကရေစီနှင့် ပုံရိပ်မှ)

၁၉၄၈ခု ဇန်နဝါရီလ ၄ရက်တွင် မြန်မာပြည် ဗြိတိသျှအစိုးရလက်အောက်မှ လွတ်လပ်ရေးရခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် နယ်ချဲ့အင်္ဂလိပ်က ဒိုမီနီကန်အဆင့် ပေးပါမည်ဆိုတာပင် မရ။ ဗြိတိသျှ ဓနသဟာယထဲမှာ ဝင်နေပါဆိုတာလည်း လက်မခံ။ လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် စတင်ရပ်တည်သည်။ နိုင်ငံရေးလွတ်လပ်သော်လည်း စီးပွားရေးအရ မြန်မာတိုင်းရင်းသားများ ဆင်းရဲနိမ့်ကျနေဆဲ ဖြစ်၏။

နိုင်ငံရေးအမြင်မကျယ်မှု၊ ငါ့ပါတီမှ ငါ့ပါတီ၊ ငါ့အုပ်စုမှ ငါ့အုပ်စု၊ အတွေးအမြင် ကျဉ်းမြောင်းသော နိုင်ငံရေးခေါင်းဆောင်အချို့ကြောင့် တိုင်းပြည်သည် အန္တရာယ်ချောက်ကမ်းပါးထဲသို့ ကျလု၊ ကျလု ဖြစ်ခဲ့ရသည်။ အထူးသဖြင့် လက်နက်ကိုင်တော်လှန်ရေး၏ ဆိုးကျိုးကို ပြည်သူအများ ခါးစည်းပြီး ခံစားရသည်။ ဆူပူမှု၊ တရားဥပဒေမဲ့ ထင်ရာစိုင်းမှုများကြောင့် တောရပ်မှာ မနေရဲ။ မြို့မှာခိုကပ်ပြီး ဆင်းဆင်းရဲရဲ ရပ်တည်ကြရသည်။

မည်သို့ပင်ဖြစ်စေ ပြည်တွင်းဆူပူမှုတွေကိုကား တဖြည်းဖြည်းနှင့်ချုပ်ငြိမ်းအေးချမ်းသွားအောင် လုပ်ဆောင်နိုင်ခဲ့သည်။ အစိုးရအဆက်ဆက်သည် သူ့ခေတ်သူ့အခါအလျောက် တိုးတက်အောင်တော့ လုပ်ခဲ့ကြပါသည်။ သို့တစေ ၆၂နှစ်လုံးလုံးသည် အရှိန်အဟုန်ဖြင့် တရုတ်တို့၊ အိန္ဒိယတို့ ဖွံ့ဖြိုးသလိုမျိုး မဖြစ်လာခဲ့သေးပေ။ ခေတ်နောက်ကျ ကျန်ရစ်နေဆဲလေ။ (၁၈၂၄-၁၈၈၅)ကျွန်ဖြစ်အောင် အမဲလိုက် အကိုက်ခံရသည်က ၆၂နှစ်၊ (၁၈၈၆-၁၉၄၇)ကျွန်ဘဝ နွံနစ်နိမ့်ကျခဲ့ရသည်က ၆၂နှစ်၊ (၁၉၄၈-၂၀၀၉) လွတ်လပ်ရေးရပြီး ရုန်းကန်နေခဲ့ရသည်က ၆၂နှစ်။

လမ်းပန်းဆက်သွယ်မှုကို အဆင်ပြေချောမွေ့စေပြီး တိုင်းရင်းသားချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးပွားစေခဲ့သည့် စစ်တောင်းတံတား(မုပ္ပလင်)။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

လူ့သက်တမ်းတစ်ခုစာနီးပါး အချိန်ကာလသည် ဘာမျှ မကြာလိုက်သော်လည်း သမိုင်းခေတ်ရေစီးကြောင်းကြီးသည်ကား မရပ်တန့်ဘဲ ဆက်လက်၍ တသွင်သွင် စီးဆင်းသွားနေမည်ပင်။

ယနေ့တိုင်အောင် ဘီလူးသရဲများက ဘက်ပေါင်းစုံမှ ဟိန်းသံ၊ ဟောက်သံတွေနှင့် ခြိမ်းခြောက်ဟန် အစွယ်ပြူးပြနေဆဲ။ သို့သော် ယနေ့အခြေအနေကမူ သူတစ်ပါး၏ သားကောင်ဖြစ်ရလောက်အောင် အောက်တန်းနောက်တန်း အခြေအနေတော့ မဟုတ်ပါပြီ။ ရပ်တည်နိုင်စွမ်း ရှိသည်။ တည်ဆောက်နိုင်စွမ်းရှိသည်။ အားလုံးအသိ လက်တွေ့မျက်မြင်ပင်။

ပြည်ထောင်စုမပြိုကွဲအောင် အဓိကကြိုးစားခဲ့ကြသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲအောင် အားလုံးက နှစ်ပေါင်း ၂၀လောက် ဇောက်ချပြီး တည်ဆောက်ခဲ့ကြသည်။

လွတ်လပ်ရေးကို ကျွန်ုပ်တို့ မြတ်နိုးကြသည်။

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အသက်ပေး၍ ကာကွယ်စောင့်ရှောက်နေကြပြီ။ သမိုင်းစဉ်ကို ဖြန့်ကြည့်လိုက်စေလို၏။ ပြည်သူလူထုသည် ၆၂နှစ် ကျဆင်း၍ ၆၂နှစ်ကြာမျှ နိမ့်ကျခဲ့ရသော ကျင်းထဲမှ ၆၂နှစ် ရုန်းထ ကုတ်ကတ်တွယ် ဆွဲတက်ခဲ့ပြီး ယခုအခါ ကျင်းနှုတ်ခမ်းဝ၊ မြေပြင်ညီသို့ ၂၀၁၀ခုနှစ်ကာလတွင် ရောက်နေကြပေပြီ။ ဘာ့ကြောင့် နောက်ဆုတ်ပြီး ကျင်းထဲသို့ ဆင်းရပါမည်နည်း။ ခေတ်သစ်တစ်ခု ပြောင်းကြမည်။

“နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် ၂၀၀၃ခုနှစ်က အချက်ခုနစ်ချက်ပါသော လမ်းပြမြေပုံကိုချမှတ်ပြီး တဖြည်းဖြည်း

စာမျက်နှာ ၇ ကော်လံ ၁

ဆည်၊ တမံ၊ ရေထိန်းတံခါး၊ မြစ်ရေတင်၊ ရေရရှိရေးလုပ်ငန်းများ ရာနှင့်ထောင်နှင့်ချီ၍ တည်ဆောက်ပေးခဲ့သဖြင့် ကျေးလက်ဒေသစိုက်ပျိုးရေးနှင့် သီးနှံထွက်ကုန်စားနပ်ရိက္ခာ သိသိသာသာ တိုးတက်ထွက်ရှိလာသည်။ ကျေးရွာများ၏ လူနေမှုအဆင့်အတန်းသည် အနှစ် ၂၀ကာလအတွင်း ရေးကနှင့်မတူ ဖွံ့ဖြိုးစပြုလာပြီ။

2-1 (06).pmd 1 1/2/2010, 1:19 AM

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

စာမျက်နှာ ၆ မှ

လုပ်ဆောင်လာခဲ့ရာ ပြီးခဲ့သည့် ၂၀၀၈ခုနှစ် မေလက ဆန္ဒခံယူပွဲဖြင့် အခြေခံဥပဒေသစ်ကို အတည်ပြုခဲ့ပြီး ဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများ၏ နိုင်ငံရေးနှင့်ပတ်သတ်သော စိတ်ဝင်စားမှုမှာ ၂၀၁၀ ရွေးကောက်ပွဲအပြီးတွင် အကောင်းဘက်သို့ဦးတည်သော ပြောင်းလဲမှုအချို့ကို မျှော်လင့်ကြခြင်းဖြစ်သည်။ သူတို့သည် တော်လှန်ရေးကိုလည်း မမျှော်လင့်ကြပါ။''

ပါမောက္ခ၊ရောဘတ်၊ အိပ်ချ်၊တေလာ
ကမ္ဘာကျော်သမိုင်းပညာရှင်၊
(၁၇-၁၂-၂၀၀၉၊သည်ဖိုင်နန်ရှယ်တိုင်းမ်စ်သတင်းစာ) ~~(printed: ၁၇-၁၂-၂၀၀၉၊သည်ဖိုင့ကျ်စ်၊ပါ)~~

ပြည်သူလူထုသည် တပ်မတော်အစိုးရကို ယုံကြည်သည်။ အချင်းချင်းရင်ဆိုင်တိုက်ခိုက် သတ်ပုတ်နေကြသော အကြောင်းအမျိုးမျိုးဖြင့် လက်နက်ကိုင်ဆန့်ကျင်သည့် အဖွဲ့ကြီး(၁၇)ဖွဲ့နှင့် အဖွဲ့ငယ်ပေါင်း နှစ်ဆယ်ကျော်ကိုပင် ငြိမ်းချမ်းအောင် လက်တွေ့ပူးပေါင်း လုပ်ဆောင်နိုင်ခဲ့သည်။ သဘောထားကြီးသည်။ စေတနာမှန်သည်။ အပြောမများသော်လည်း လက်တွေ့ကျကျ ကောင်းကျိုးရမည့်ကိစ္စတွေကို စိတ်ရှည်ရှည်နှင့် အကောင်အထည်ဖော်နိုင်စွမ်းရှိသည်။ သည်းခံစိတ် ပြည့်ဝသည်။

ပြည်တွင်းပြည်ပမှ မည်မျှပင် ရွံ့ပုပ်ရေနှင့် ပက်နေကြသည်ဖြစ်စေ သိပ်ပြီးခုခံချေပ ဖြေရှင်းမနေ။ ကိုယ့်တိုင်းပြည် ပွဲပါသွားတာမှ မဟုတ်တာ။ အမုန်းအမျက်မထား။ လက်စားချေဖို့၊ ကလဲ့စားချေဖို့လည်း စိတ်မကူးပေ။ သူ့လမ်း သူသွားပါစေ။ သို့သော်-

ပြည်သူ၏ အကျိုးစီးပွားကို ထိခိုက်မှာကိုတော့ လက်မခံ။ ပြည်သူလူထု၏ ဘဝကို နိမ့်ကျအောင် တားဆီးပိတ်ပင် ဒုက္ခပေးနေသည်များကိုကား မလိုလား။ ကိုယ့်ပြည်သူကို နှိပ်စက်ဖိစီးနေခြင်းအား မည်သူသည် လက်ပိုက်ပြီး ဆက်ကြည့်နေချင်ပါမည်နည်း။ မလုပ်သင့်တာမလုပ်ဖို့ ပြောကြားရပေမည်။

ပြည်သူလူထုအတွက် ပြည်ပက ပူးပေါင်းဆောင်ရွက်မှုတွေ ရသင့်သလောက် မရသေးမီ လမ်းတွေဖောက်၊ တံတားတွေဆောက်။ စီးပွားရေး၏ အခြေခံအဆောက်အအုံတွေကို ဘယ်ခေတ်နှင့်မှမတူအောင် အရှိန်အဟုန်နှင့် တည်ဆောက်သည်။ မြစ်ကူးတံတားကြီးများ တည်ဆောက်နိုင်သဖြင့် တိုင်းရင်းသားချင်း ပိုမိုရင်းနှီးချစ်ခင်စွာ ထိတွေ့လာရသည်။

ဆည်၊ တမံ၊ ရေထိန်းတံခါး၊ မြစ်ရေတင်၊ ရေရရှိရေးလုပ်ငန်းများ ရာနှင့်ထောင်နှင့်ချီ၍ တည်ဆောက်ပေးခဲ့သဖြင့် ကျေးလက်ဒေသ စိုက်ပျိုးရေးနှင့်သီးနှံထွက်ကုန်စားနပ်ရိက္ခာ သိသိသာသာ တိုးတက်ထွက်ရှိလာသည်။ ကျေးရွာများ၏ လူနေမှုအဆင့်အတန်းသည် အနှစ် ၂၀ကာလအတွင်း ရှေးကနှင့်မတူ ဖွံ့ဖြိုးစပြုလာပြီ။

မည်သို့ပင်ဖြစ်စေ၊ ၂၀၁၀ကာလသည် လွတ်လပ်ရေးနေ့ (၆၂)နှစ်ပြည့်နေ့ထူးနေ့မြတ် အချိန်ကာလဖြစ်သည်နှင့်အညီ အတားအဆီး အခက်အခဲအားလုံးကို အောင်မြင်စွာ ခုန်လွှားကျော်လွှန်ကာ အရှိန်အဟုန်ပြင်းထန်သော သမိုင်းခရီးတစ်ဆစ်ကို မှတ်တိုင်စိုက်မည်ကား သေချာပေသည်။

နိုင်ငံတော်၏ လွတ်လပ်ရေး အဓွန့်ရှည်ပါစေ။ ။

ပြည်သူလူထုအတွက် ပြည်ပက ပူးပေါင်းဆောင်ရွက်မှုတွေ ရသင့်သလောက် မရသေးမီ လမ်းတွေဖောက်၊ တံတားတွေဆောက်။ စီးပွားရေး၏ အခြေခံအဆောက်အအုံတွေကို ဘယ်ခေတ်နှင့်မှမတူအောင် အရှိန်အဟုန်နှင့် တည်ဆောက်သည်။ မြစ်ကူးတံတားကြီးများ တည်ဆောက်နိုင်သဖြင့် တိုင်းရင်းသားချင်း ပိုမိုရင်းနှီး ချစ်ခင်စွာ ထိတွေ့လာ။

မိုးထက်လွင့်ပျံ မြန်မာ့အောင်လံ

❖ ဇန်နဝါရီ၊ လေးရက်ဆီ၌
ရာသီဆောင်းမိုး၊ နှင်းပေါက်ဖြိုးသား
တစ်ကိုးလေးရှစ်၊ ထိုခုနှစ်ဝယ်
ခေတ်သစ်ပန်းတိုင်၊ ဒို့လှမ်းနိုင်သည်
ရောင်စိုင်မီးရှူး လင်းလင်းတည့်။

❖ ပြည်ထောင်စုဖွား၊ တိုင်းရင်းသားတို့
စွမ်းအားဖော်ပေး၊ လွတ်လပ်ရေး၏
နီသွေးရင့်ရင့်၊ အောင်လံမြင့်ကား
ဝင့်ကာလွင့်ပျံ၊ မိုးထက်ယံ၌
နိုင်ငံအတွက် ဂုဏ်ပြုလျက်တည့်။

❖ နယ်ချဲ့စနစ်၊ အမွေညစ်ကြောင့်
နှစ်ပေါင်းတစ်ရာ၊ ကျွန်ဖြစ်လာသည့်
မြန်မာပြည်ဖွား၊ တိုင်းရင်းသားတို့
ပေါင်းအားစုဝေး၊ ညီညွတ်ရေးဖြင့်
သွေးစည်းတန်ပြန်၊ တူတွန်းလှန်ခဲ့
နယ်ချဲ့လက်အောက်၊ ဒူးမထောက်ဘဲ
လွတ်မြောက်တိုက်ပွဲ၊ ဆင့်ဆင့်နွှဲ၍
တွဲလက်မြဲခိုင်၊ အောင်ပန်းတိုင်သို့
တူပြိုင်သွဲ့သွဲ့၊ လျှောက်လှမ်းခဲ့သည်
ခြောက်ဆယ့်နှစ်-နှစ်တိုင်ခဲ့ပြီ။
ဒို့ပြည်ထောင်စု ခိုင်မြဲသည်။ ။

(၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြို့ဆိုလျက်-

နှင်းမောင် (ဓီးကုန်း)

လွတ်လပ်ရေး အဓွန့်ရှည် တည်တံ့ခိုင်မာဖို့

ကာတွန်း – မင်းဦး(ဒဿန)

တိုးတက်ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားများကို တစ်နိုင်ငံလုံးသို့ ဆောလျင်စွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

✻ ရှေ့ဖုံးမှ

မြန်မာနိုင်ငံ၌ ၁၉၈၈ခုနှစ်မှစ၍ အကောင်အထည်ဖော်လိုက်သော ဈေးကွက်စီးပွားရေးစနစ်အရ တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များက စက်ရုံအလုပ်ရုံများကို တစ်ရှိန်ထိုး အကောင်အထည်ဖော် ဆောင်ရွက်လာခြင်း၊ နိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့် မြို့ပြအသစ်များ၊ စက်မှုဇုန်ကြီးများ တည်ထောင်ပေးခြင်း၊ ပြည်သူလူထုက မိမိတို့၏အစီအစဉ်များဖြင့် ဆောက်လုပ်သည့် အထပ်မြင့်၊ အဆင့်မြင့်အိမ်ရာစီမံကိန်းများပေါ်ပေါက်လာခြင်း၊ လူမှုအသုံးအဆောင်ပစ္စည်းများ များပြားစွာ သုံးစွဲခွင့်ရရှိခြင်းတို့နှင့် ယှဉ်တွဲလျက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် ၁၉၈၈ခုနှစ်မတိုင်မီကထက် တစ်မုဟုတ်ချင်း များစွာမြင့်မား ပြောင်းလဲသွားခဲ့ပါသည်။

ဦးစားပေးဖြန့်ဖြူး

Globalization အရ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း အလျင်အမြန်ပြောင်းလဲဖြစ်ပေါ်ခဲ့ရာ လျှပ်စစ်စွမ်းအင် အသုံးပြုမှုသည် ရုတ်ခြည်းတိုးမြင့်လာခဲ့ပါသည်။ ထိုအခြေအနေကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်ချက်များကို အချိန်တိုကာလအတွင်း အထူးကြိုးစား ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် အဓိကဖြည့်ဆည်းမှုအဖြစ် စက်မှုဇုန်များသို့ လျှပ်စစ်ဓာတ်အား ဦးစားပေးဖြန့်ဖြူးခဲ့ပါသည်။ နိုင်ငံတော်အား ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်သို့ ကူးပြောင်းချီတက်ရန် ရည်ရွယ်လျက် ပြန့်ကျဲနေသော စက်မှုလုပ်ငန်းများကို စုစည်းပြီး စက်မှုဇုန်များအဖြစ် တည်ထောင်ပေးခဲ့ရာ ယင်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

စဉ်	အမျိုးအမည်	ရေတွက်ပုံ	၁၉၈၈ ခုနှစ်	၃၁-၁၂-၂၀၀၉	တိုးတက်မှု
၁	**စက်မှုဇုန်များ**	ခု	-	၂၈	၂၈
	(က)ဇုန်ကြီး	ခု	-	၁၈	၁၈
	(ခ)ဇုန်ခွဲ	ခု	-	၁၀	၁၀
၂	လုပ်ငန်းပေါင်း	ခု	-	၉၇၀၂	၉၇၀၂
၃	ပုဂ္ဂလိကစက်ရုံ	ရုံ	၂၆၆၉၀	၄၃၇၈၄	၁၇၀၉၄
၄	အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ	ခု	-	၁၀၄၃၈	၁၀၄၃၈
၅	အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ	ရုံ	၆၂၄	၇၈၉	၁၆၅
၆	**အမှတ်(၂)စက်မှုဝန်ကြီးဌာနအောက်ရှိ နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ**	ရုံ	၉	၃၁	၂၂
	(က)တည်ဆောက်ပြီး	ရုံ	၉	၂၃	၁၄
	(ခ)ဆောင်ရွက်ဆဲ	ရုံ	-	၈	၈

ယခင်က စက်ရုံအလုပ်ရုံများမှာ အရေအတွက်နည်းပါးပြီး အရွယ်အစား သေးငယ်ကြသော်လည်း ယခုပေါ်ပေါက်လာသော စက်ရုံအလုပ်ရုံများမှာ လုပ်သားအင်အားများပြားစွာဖြင့် ထုတ်လုပ်မှုစွမ်းအားမြင့်မားသည့်အပြင် အရေအတွက်မှာလည်း များပြားလှပေရာ လျှပ်စစ်စွမ်းအင်သုံးစွဲမှုပမာဏလည်း များပြားလာပါသည်။ ထို့အပြင် ပြည်သူလူထု၏ နေ့စဉ်လူနေမှုဘဝတွင် သုံးစွဲနေသော အိမ်သုံးပစ္စည်းများ၌ လျှပ်စစ်စွမ်းအင်သုံးပစ္စည်းများ အဆမတန်များပြားလာခြင်း၊ ဆေးရုံ၊ ဈေး၊ ရုံး၊ ကျောင်း၊ လူနေအိမ် စသည်တို့မှာလည်း အထပ်မြင့်အဆောက်အအုံများအဖြစ် ခေတ်မီတိုးတက်လာသည်နှင့်အမျှ ဓာတ်လှေကား၊ စက်လှေကားများ တပ်ဆင်လာကြခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ တစ်စထက်တစ်စ မြင့်မားလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိဓာတ်အားစနစ်အတွင်းတွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူများအတွက် ဓာတ်အားအပြည့်အဝပေးနိုင်ရန် လိုအပ်ချက်ပမာဏမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

စဉ်	ဓာတ်အားသုံးစွဲမှု	ရန်ကုန်	မန္တလေး	ကျန်ပြည်နယ်/တို
၁	အများပြည်သူသုံးစွဲမှု	၂၉၄·၅၅	၄၈·၁၆	၃၅၇·၄၈
၂	နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ	၇၄·၂၂	၁၂·၇၀	၂၁၂·၅၆
၃	စက်မှုဇုန်များ	၁၂၃·၃၆	၂၅·၇၂	၂၂·၁၀
၄	လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ	၃·၃၈	၇·၁၀	၂၅·၀၀
၅	ပုဂ္ဂလိကပိုင်စက်ရုံများ	၆၂·၀၀	၁၉·၁၉	၂၅·၈၀
၆	ဆေးရုံ/ကျောင်း/ရုံးဌာနများ	၁၀၉·၂၇	၂၈·၇၇	၁၀၃·၈၉
	စုစုပေါင်း	**၆၆၆·၇၈**	**၁၄၁·၆၄**	**၇၄၆·၈၃**

ရွှေတောင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အ

ထပ်မံဖြည့်ဆည်း

ယင်းကဲ့သို့ ဓာတ်အားလိုအပ်ချက်ပ
မဂ္ဂါဝပ်ရှိသော်လည်း နွေရာသီတွင် ရေ
ရေအားလျှပ်စစ်စက်ရုံများမှ ထုတ်လုပ်မှုလျော့
မှာ သက်တမ်းကြီးရင့်ပြီဖြစ်၍ ထုတ်လုပ်မှုစွ
စသည့်အကြောင်းများကြောင့် ဓာတ်အားပေးစ
ပျမ်းမျှ ၅၅၆မဂ္ဂါဝပ်ခန့်သာ ထုတ်လုပ်နိုင်ပါသ
စွမ်းအားဝန်ကြီးဌာန ရွှေလီ(၁) ရေအားလျှပ်စ
ထပ်မံဖြည့်ဆည်းခဲ့၍ ပျမ်းမျှ၈၅၆ မဂ္ဂါဝပ် ထ
ရှိပါသည်။ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်
ရရှိသော လျှပ်စစ်ဓာတ်အားနှင့် ပြည်သူတို့သုံ
အချိန်တိုင်း ညီမျှနေအောင် နိုင်ငံတော်ဓာတ်အ
၍ အုပ်စုများခွဲကာ နွေရာသီတွင် အလှည့်ကျ
ပေးနေရခြင်း ဖြစ်ပါသည်။

ဦးစားပေးတည်ဆော

နိုင်ငံတော်က ဓာတ်အားပေးစက်ရုံကြီး
ဓာတ်အားပိုမိုထုတ်လုပ်ပေးနိုင်ရန် စီမံဆေ
ပြည်တွင်းလျှပ်စစ်သုံးစွဲမှု ပမာဏမှာလည်း
မြင့်မားလာပေရာ နိုင်ငံတော်က Megastr
စီမံကိန်းကြီးများကို ဦးစားပေးတည်ဆော
လက်ရှိတွင် နိုင်ငံတော်က တည်ဆောက်လျ
စီမံကိန်းကြီး ၁၆ခုရှိရာ ၂၀၁၀ခုနှစ်အတွင်း
ငါးခု၊ ၂၀၁၂ခုနှစ်အတွင်း သုံးခု၊ ၂၀၁၅ခုနှစ်အ
နောက်ပိုင်းပြီးစီးမည့် စီမံကိန်းကြီး သုံးခုတို့
ခုနှစ်အတွင်း ပြီးစီးမည့် စီမံကိန်းများပြီးစီးလျ
လုံလောက်နိုင်မည်ဖြစ်ရာ ၂၀၁၅ခုနှစ်အရောက်
ဖြစ်လာနိုင်ကြောင်း သိရှိရသည်။

တည်ဆောက်လျက်ရှိသည့် ရေအား

စဉ်	စီမံကိန်းအမည်	တည်နေရာ ပြည်နယ်/တိုင်း	အင်အား (မဂ္ဂါဝပ်)
၁	ရွှေကျင်	ပဲခူး	၁၈·၇၅
၂	ဖြူး	ပဲခူး	၂၀
၃	ရဲရွာ	မန္တလေး	၁၉၇·၅
၄	နန်ချို	မန္တလေး	၂၀
၅	အမ်း	ရခိုင်	၅
၆	တာပိန်(၁)	ကချင်	၆၀
၇	ချီဖွေငယ်	ကချင်	၃၃
၈	ကြီးအုံကြီးဝ	မကွေး	၃၇
၉	ကွန်း	ပဲခူး	၂၀
၁၀	အထက်ပေါင်းလောင်း	မန္တလေး	၇၀
၁၁	သောက်ရေခပ်(၂)	ပဲခူး	၄၀
၁၂	ဘီလူးချောင်း(၃)	ကယား	၂၄
၁၃	သူ့ဌေး	ရခိုင်	၃၇
၁၄	ထမံသီ	စစ်ကိုင်း	၂၀၀
၁၅	မဏိပူ	စစ်ကိုင်း	၉၅
၁၆	အထက်ကျိုင်းတောင်း	ရှမ်း	၁၇
	စုစုပေါင်း		

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

ထပ်မံဖြည့်ဆည်း

ယင်းကဲ့သို့ ဓာတ်အားလိုအပ်ချက်ပမာဏ ၁၅၅၅ဒသမ ၂၅ မဂ္ဂါဝပ်ရှိသော်လည်း နွေရာသီတွင် ရေသိုလှောင်နိုင်မှုနည်းလာ၍ ရေအားလျှပ်စစ်စက်ရုံများမှ ထုတ်လုပ်မှုလျော့နည်းခြင်း၊ အချို့စက်များမှာ သက်တမ်းကြီးရင့်ပြီဖြစ်၍ ထုတ်လုပ်မှုစွမ်းအား ကျဆင်းလာခြင်း စသည့်အကြောင်းများကြောင့် ဓာတ်အားပေးစက်ရုံကြီးများမှ ယခုအခါ ပျမ်းမျှ ၅၅၆မဂ္ဂါဝပ်ခန့်သာ ထုတ်လုပ်နိုင်ပါသည်။ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံမှ မဂ္ဂါဝပ် ၃၀၀ကို ထပ်မံဖြည့်ဆည်းခဲ့၍ ပျမ်းမျှ၈၅၆ မဂ္ဂါဝပ် ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါသည်။ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ထုတ်လုပ်ရရှိသော လျှပ်စစ်ဓာတ်အားနှင့် ပြည်သူတို့သုံးစွဲရန် လျှပ်စစ်ဓာတ်အားအချိန်တိုင်း ညီမျှနေအောင် နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄နာရီကွပ်ကဲ

မဂ္ဂါဝပ်

	မန္တလေး	ကျန်ပြည်နယ်/တိုင်း	စုစုပေါင်း
	၄၈·၁၆	၃၅၇·၄၈	၇၀၀·၁၉
	၁၂·၇၀	၂၁၂·၅၆	၂၉၉·၄၈
	၂၅·၇၂	၂၂·၁၀	၁၇၁·၁၈
	၇·၁၀	၂၅·၀၀	၃၅·၄၈
	၁၉·၁၉	၂၅·၈၀	၁၀၆·၉၉
	၂၈·၇၇	၁၀၃·၈၉	၂၄၁·၉၃
	၁၄၁·၆၄	**၇၄၆·၈၃**	**၁၅၅၅·၂၅**

၍ အုပ်စုများခွဲကာ နွေရာသီတွင် အလှည့်ကျစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနေရခြင်း ဖြစ်ပါသည်။

ဦးစားပေးတည်ဆောက်

နိုင်ငံတော်က ဓာတ်အားပေးစက်ရုံကြီးများ တိုးချဲ့တည်ဆောက်၍ ဓာတ်အားပိုမိုထုတ်လုပ်ပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်တွင်းလျှပ်စစ်သုံးစွဲမှု ပမာဏမှာလည်း တစ်နှစ်ထက် တစ်နှစ်မြင့်မားလာပေရာ နိုင်ငံတော်က Megastructure ခေါ် အကြီးစားစီမံကိန်းကြီးများကို ဦးစားပေးတည်ဆောက်ရန် စီစဉ်ခဲ့ပါသည်။ **လက်ရှိတွင် နိုင်ငံတော်က တည်ဆောက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းကြီး ၁၆ခုရှိရာ ၂၀၁၀ခုနှစ်အတွင်း လေးခု၊ ၂၀၁၁ခုနှစ်အတွင်း ငါးခု၊ ၂၀၁၂ခုနှစ်အတွင်း သုံးခု၊ ၂၀၁၅ခုနှစ်အတွင်း တစ်ခုနှင့် ၂၀၁၅ခုနှစ်နောက်ပိုင်းပြီးစီးမည့် စီမံကိန်းကြီး သုံးခုတို့ဖြစ်သည်။ ၂၀၁၀/၂၀၁၁ ခုနှစ်အတွင်း ပြီးစီးမည့် စီမံကိန်းများပြီးစီးလျှင်ပင် လျှပ်စစ်ဓာတ်အားလုံလောက်နိုင်မည်ဖြစ်ရာ ၂၀၁၅ခုနှစ်အရောက်တွင်မူ ပိုလျှံသည်အထိပင် ဖြစ်လာနိုင်ကြောင်း သိရှိရသည်။**

တည်ဆောက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းများ

...ည်	တည်နေရာ ပြည်နယ်/တိုင်း	တပ်ဆင်စက်အင်အား			ပြီးစီးမည့် ခုနှစ်
		အင်အား (မဂ္ဂါဝပ်)	စက်လုံးရေ (လုံး)	စုစုပေါင်း (မဂ္ဂါဝပ်)	
	ပဲခူး	၁၈·၇၅	၄	၇၅	၂၀၁၀
	ပဲခူး	၂၀	၂	၄၀	၂၀၁၁
	မန္တလေး	၁၉၇·၅	၄	၇၉၀	၂၀၁၀
	မန္တလေး	၂၀	၂	၄၀	၂၀၁၁
	ရခိုင်	၅	၂	၁၀	၂၀၁၀
	ကချင်	၆၀	၄	၂၄၀	၂၀၁၁
	ကချင်	၃၃	၃	၉၉	၂၀၁၁
	မကွေး	၃၇	၂	၇၄	၂၀၁၀
	ပဲခူး	၂၀	၃	၆၀	၂၀၁၁
...လာင်း	မန္တလေး	၇၀	၂	၁၄၀	၂၀၁၂
...)	ပဲခူး	၄၀	၃	၁၂၀	၂၀၁၂
...)	ကယား	၂၄	၂	၄၈	၂၀၁၂
	ရခိုင်	၃၇	၃	၁၁၁	၂၀၁၅
	စစ်ကိုင်း	၂၀၀	၆	၁၂၀၀	-
	စစ်ကိုင်း	၉၅	၄	၃၈၀	-
...တာင်း	ရှမ်း	၁၇	၃	၅၁	-
				၃၄၇၈	



ဘဲလင်းပင်မ ဓာတ်အားပို့လွှတ်ရုံ 132KV Switchyard ။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဆက်လက်တည်ဆောက်ရန် လျာထားသော စီမံကိန်းများ

စဉ်	စီမံကိန်းအမည်	တည်နေရာ ပြည်နယ်/တိုင်း	တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်)
၁	မြစ်ဆုံ	ကချင်	၄၁၀၀
၂	ရီနန်	ကချင်	၁၂၀၀
၃	ခေါင်လံဖူး	ကချင်	၂၇၀၀
၄	ပီဇော	ကချင်	၂၀၀၀
၅	ဝူဆောက်	ကချင်	၁၈၀၀
၆	ချီဖွေ	ကချင်	၂၈၀၀
၇	လဇာ	ကချင်	၁၉၀၀
၈	တာပိန်(၂)	ကချင်	၁၄၀
၉	ဟတ်ကြီး	ကရင်	၁၃၆၀
၁၀	ဒရိုင်	ကရင်	၂၅
၁၁	ဘီးလင်း	မွန်	၂၈၀

လက်ရှိတွင် နိုင်ငံတော်က တည်ဆောက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းကြီး ၁၆ခုရှိရာ ၂၀၁၀ခုနှစ်အတွင်း လေးခု၊ ၂၀၁၁ခုနှစ်အတွင်း ငါးခု၊ ၂၀၁၂ ခုနှစ်အတွင်း သုံးခု၊ ၂၀၁၅ ခုနှစ်အတွင်း တစ်ခုနှင့် ၂၀၁၅ခုနှစ် နောက်ပိုင်းပြီးစီးမည့် စီမံကိန်းကြီး သုံးခုဖြစ်။ ၂၀၁၀-၂၀၁၁ခုနှစ်အတွင်း ပြီးစီးမည့် စီမံကိန်းများ ပြီးစီးလျှင်ပင် လျှပ်စစ်ဓာတ်အား လုံလောက်နိုင်မည်ဖြစ်ရာ ၂၀၁၅ခုနှစ် အရောက်တွင်မူ ပိုလျှံသည်အထိပင် ဖြစ်လာနိုင်။

ပြည်သူများသို့ မီးပေးရေးအတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လုပ်သားကြီးများ မဟာဓာတ်အားလိုင်း တည်ဆောက်သွယ်တန်းရေးလုပ်ငန်းကို ဤသို့ သက်စွန့်ဆံဖျား ဆောင်ရွက်ကြရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နိုင်ငံတော်အစိုးရသည် ရေအားလျှပ်စစ်စီမံကိန်းအသစ်များ အကောင်အထည်ဖော်တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်နေရုံမျှမက သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများအတွက် လိုအပ်သော ဓာတ်ငွေ့အလုံအလောက်ရရှိရေးအတွက် 'ရတနာ'သဘာဝဓာတ်ငွေ့ Platform မှ ရန်ကုန်သို့ ၂၄လက်မပိုက်လိုင်းဖြင့် ကမ်းလွန်အပိုင်း ၉၃ဒသမ ၁၆မိုင်နှင့် ကုန်းမြေအပိုင်း ၈၆ဒသမ ၄၈မိုင် စုစုပေါင်း ၁၇၉ဒသမ ၆၄မိုင်ကို အမေရိကန်ဒေါ်လာသန်း ၂၇၀ခန့် အကုန်အကျခံ၍ စွမ်းအင်ဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိရာ ၂၀၁၀ခုနှစ်အတွင်း ပြီးစီးမည်ဖြစ်ပြီး မကြာမီကာလအတွင်း ရန်ကုန်မြို့ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်လာနိုင်တော့မည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး
(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး
(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

စာမျက်နှာ ၉ မှ

စဉ်	စီမံကိန်းအမည်	တည်နေရာ ပြည်နယ်/တိုင်း	တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်)
၁၂	စိုင်ဒင်	ရခိုင်	၇၆
၁၃	လေးမြို့	ရခိုင်	၅၀၀
၁၄	တာဆန်း	ရှမ်း	၇၁၁၀
၁၅	ရွှေလီ (၂)	ရှမ်း	၆၄၀
၁၆	ရွှေလီ (၃)	ရှမ်း	၈၀၀
၁၇	အထက်သံလွင်	ရှမ်း	၁၄၀၀
၁၈	ရွှေစာရေး	စစ်ကိုင်း	၆၆၀
၁၉	တနင်္သာရီ	တနင်္သာရီ	၆၀၀
၂၀	သကျက်	တနင်္သာရီ	၂၀
၂၁	ဘောဂတ	ပဲခူး	၁၆၈
၂၂	အထက်ရဲရွာ	မန္တလေး	၆၀
၂၃	အထက်ဆည်တော်ကြီး	မန္တလေး	၆၀
၂၄	အထက်ဗူး	မကွေး	၁၅၀
၂၅	ဗူး	မကွေး	၄၂
၂၆	မြို့ကြီး	ရှမ်း	၃၀
၂၇	မြစ်သာ	မကွေး	၄၀
	စုစုပေါင်း		၃၀၆၆၁

ရွှေလီစက်ရုံ

ရွှေလီ-မန်စံ ၂၃၀ကေဗွီ ဓာတ်အားလိုင်းနှင့် ရွှေလီစက်ရုံ Switchyard ကို မြင်တွေ့ရစဉ်။ [ဓာတ်ပုံမှတ်တမ်း-အမှတ်(၂) လျှပ်စစ်စွမ်းအား]

သာစည်ပင်မဓာတ်အားခွဲရုံ

သာစည်ပင်မ ဓာတ်အားခွဲရုံ 2 × 100 MVA Busbar တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ [ဓာတ်ပုံမှတ်တမ်း-အမှတ်(၂) လျှပ်စစ်စွမ်းအား]



ပိုမိုထုတ်လုပ်လာနိုင်တော့မည်

နိုင်ငံတော်အစိုးရသည် ရေအားလျှပ်စစ်စီမံကိန်းအသစ်များ အကောင်အထည်ဖော်တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်နေရုံမျှမက သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများအတွက် လိုအပ်သော ဓာတ်ငွေ့အလုံအလောက်ရရှိရေးအတွက် 'ရတနာ'သဘာဝဓာတ်ငွေ့ Platform မှ ရန်ကုန်သို့ ၂၄လက်မပိုက်လိုင်းဖြင့် ကမ်းလွန်အပိုင်း ၉၃ဒသမ ၁၆မိုင်နှင့် ကုန်းမြေအပိုင်း ၈၆ဒသမ ၄၈မိုင် စုစုပေါင်း ၁၇၉ဒသမ ၆၄မိုင်ကို အမေရိကန်ဒေါ်လာသန်း ၂၇၀ခန့် အကုန်အကျခံ၍ စွမ်းအင်ဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိရာ ၂၀၁၀ခုနှစ်အတွင်း ပြီးစီးမည်ဖြစ်ပြီး မကြာမီကာလအတွင်း ရန်ကုန်မြို့ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်လာနိုင်တော့မည် ဖြစ်ပါသည်။

ဂရုပြုထိန်းသိမ်း

နိုင်ငံတော်က ပြည်သူတို့ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲနိုင်ရေး၊ လုံလောက်စွာရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူတို့ကလည်း တည်ဆောက်ဆဲကာလတွင် လျှပ်စစ်ဓာတ်အား ဆုံးရှုံးလေလွင့်မှုမရှိစေရေး ဂရုပြုထိန်းသိမ်းပေးကြရန် လိုအပ်မည်ဖြစ်ပါသည်။ ဤသို့ဖြင့် နိုင်ငံတော်နှင့်ပြည်သူ လက်တွဲညီညီဖြင့်ချီတက်ရင်း အနာဂတ် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို လျှပ်စစ်စွမ်းအားကဏ္ဍအခြေပြုလျက် တည်ဆောက်ကြပါမည့်အကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၁-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ပုဗ္ဗဏှသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ **အကောင်းဆုံးသော နေ့တစ်နေ့** တရားတော် (ဆရာတော် ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
၇း၀၀ MRTV-4 သတင်း
၇း၄၅ ပန်းချီပြခန်း (ပန်းနုယဉ်ပန်းချီပြပွဲ)
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၄၅)
၈း၃၀ Sports World (EPL Masters 2009)
၈း၅၅ Activities in the City (Global မြေပဲဆီ၏ ဆိုင်သစ်ဖွင့်ပွဲ)
၉း၀၅ ခရီးသွားစီးပွားမြှင့်တင်စို့
၉း၁၅ ရေပြင်ပေါ်အရုပ်ရေး ပုံရိပ်ထင်စေတဲ့ ရွှေအင်းသာ
၉း၃၅ Global Panorama (ဦးကိုကိုလှိုင်၊မျိုးမြတ်သူ)
၁၀း၄၀ **ဖွားချီ** စံရှားတင်၊ဝါးခယ်မရဲမောင် (ဒါရိုက်တာ-ခင်ဇော်)(ကေသီပန်)
၁၁း၀၀ ရိုးရာဆေးပညာမှသည် လူထုကျန်းမာရေးစောင့်ရှောက်မှုသို့
၁၁း၁၅ သွားမယ် စားမယ် (SUSHI HOUSE ဂျပန်စားသောက်ဆိုင်)
၁၁း၄၀ လင်းလက်သော ကြယ်ပွင့်လေးများ စုဝေးတည်ရှိခြင်း
၁၂း၀၅ အနုပညာမိုးကောင်းကင် **အချစ်နတ်ဖမ်းစားတယ်** (ဇာတ်ကားရိုက်ကွင်း)
၁၂း၂၅ ရှေးမူ မပျက်ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ
၁၂း၃၅ English Language Competition (Part-1)(Basic)
၁း၀၀ **အကောင်းဆုံးသော နေ့တစ်နေ့** တရားတော် (ဆရာတော် ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
၂း၀၀ MRTV-4 သတင်း
၂း၄၅ Fashion Music Festival Chatrium Dream Wedding(4)
၃း၂၅ သီးနှံစိုက်ပျိုးအထွက်တိုးဆောင်းရာသီ ပဲတီစိမ်းပန်းတိုင်
၃း၃၅ ခရီးသွား စီးပွားမြှင့်တင်စို့
၃း၄၅ ရေပြင်ပေါ်အရုပ်ရေး ပုံရိပ်ထင်စေတဲ့ ရွှေအင်းသာ
၄း၀၅ သဘာဝကပေးတဲ့ အကျိုးအာနိသင် **လိမ္မာလာပြီ** ညီဘွား၊ နှင်းနန္ဒာဝင်း၊ ချစ်ဖွယ်၊ ဘဂျမ်း၊ မောင်ငယ်၊ ခေါလေး၊ စိုးလင်းဦး၊ ဩဘာ (ဒါရိုက်တာကြည်သာ၊ ပွဲကြိုက်ခင်)
၄း၂၅ ရိုးရာဆေးပညာမှသည် လူထုကျန်းမာရေးစောင့်ရှောက်မှုသို့
၄း၄၀ သစ်လွင်ဆန်းပြား **အင်အား** အားကစား
၅း၀၅ Activities in the City (Global မြေပဲဆီ၏ ဆိုင်သစ်ဖွင့်ပွဲ)
၅း၁၅ လေလှိုင်းမှ ဖြေကြားပရိသတ်များ အမေးစကား
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ သွားမယ် စားမယ် (SUSHI HOUSE ဂျပန်စားသောက်ဆိုင်)
၆း၄၅ အနုပညာမိုးကောင်းကင် **အချစ်နတ်ဖမ်းစားတယ်** (ဇာတ်ကားရိုက်ကွင်း)
၇း၀၅ Fashion Music Festival Chatrium Dream Wedding(4)
၇း၄၀ အင်တာနက်လမ်းညွှန် (Fuji Internet Cafe)
၈း၀၀ MRTV-4 သတင်း
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၄၅)
၉း၀၅ FA Cup Preview
၉း၂၅ FA Cup Middlesbrough Vs Man City
၁၁း၃၀ FA Cup Reading Vs Liverpool

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၃၀	Bristol City - Cardiff	STAR SPORTS (Live)
၉း၀၀	Middlesbrough - Man City	STAR SPORTS (Live)
၉း၂၅	Sunderland - Barrow	ESPN (Live)
၁၁း၃၀	Reading - Liverpool	STAR SPORTS (Live)

ထူးခြားသည့် ညအပူချိန်များ

၁-၁-၂၀၁၀

ပင်လောင်းမြို့
-၁ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့
-၁ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့
၂ ဒီဂရီစင်တီဂရိတ်
ဟားခါးမြို့
၂ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့
၃ ဒီဂရီစင်တီဂရိတ်
အမ်းမြို့
၃ ဒီဂရီစင်တီဂရိတ်
ကသာမြို့
၄ ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်မြို့
၄ ဒီဂရီစင်တီဂရိတ်

ပရီမီယာလိဂ်အသင်းကြီးများ အပြောင်းအရွှေ့အလှုပ်အခတ်

☆ ရေးသူ - မောင်မောင်မြင့်ဆွေ၊ စာမျက်နှာဖွဲ့စည်းမှု - တိုးလွင်(မြန်မာ့အလင်း) ☆

လန်ဒန် ဇန်နဝါရီ ၁

၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ရက်ကစပြီး ဘောလုံးသမားအပြောင်းအရွှေ့ကန့်လန့်ကာဖွင့်လိုက်ပြီဖြစ်သည်။ ဇန်နဝါရီအပြောင်းအရွှေ့ ကာလမတိုင်မီကပင် ပရီမီယာလိဂ် ထိပ်တန်းအသင်းကြီးများက ကြိုတင်ကမ်းလှမ်းမှုများရှိခဲ့သည်။ ယင်းကမ်းလှမ်းနေမှုများကို ယခုအခါ လက်တွေ့အကောင်အထည်ဖော်ရန် ကြိုးစားနေပြီဖြစ်သည်။

တိုက်စစ်မှူးကာကာ။

မန်ယူ

မန်ယူအသင်း၌ နောက်တန်း ခံစစ်တောင့်တင်းရန်နှင့် ဒဏ်ရာရ ကစားသမားနေရာတွင် အစားထိုး ဝင်ရောက်ကစားနိုင်ရေးအတွက် ဘော်လ်တန် ခံစစ်မှူး ကာဟေးလ်နှင့် အဲဗာတန် နောက်တန်းကစားသမား ရိုဒ်ဝဲလ်တို့အား ခေါ်ယူစာချုပ်ရန် စီစဉ်နေပြီဖြစ်သည်။ ထို့အတူ ပေါ်တိုခံစစ်မှူး အဲလ်ဗက်စ်၊ ပါလာမို နောက်တန်း ကစားသမား စီမွန်ကေဂျာတို့နှင့်လည်း စာချုပ်နိုင်ရန် ကြိုးစားနေသည်။ အသက်အရွယ်ကြောင့် စွမ်းရည်ကျဆင်းစပြုနေသည့် ဂိုးသမားဗန်ဒါဆာ နေရာ၌ လိုင်ယွန်မှ ဟူဂိုလိုရစ်ကို ခေါ်ယူရန် ဆွေးနွေးနေပြီဖြစ်သည်။ ထို့အတူ ကွင်းလယ်ကစားသမား ဖြည့်ဆည်းရန်အတွက် ဘင်ဖီကာမှ မာရီရာအား စာချုပ်ရန် စီစဉ်လျက်ရှိသည်။ မန်ယူသည် ဇန်နဝါရီလအတွင်း ဂိုးသမားဘင်ဖော်စတာနှင့် တိုက်စစ်မှူး မာရှေဒါတို့အား အငှား၊ သို့မဟုတ် ရောင်းချမည်ဖြစ်ကြောင်း ဈေးခေါ်နေသည်။

ချယ်လ်ဆီး

ဇန်နဝါရီ မတိုင်မီကပင် ဝိန်းဘရစ်ကို မန်စီးတီးသို့ ပြောင်းရွှေ့ကြေး ပေါင် ၁၂ သန်းနှင့် သဘောတူထားခဲ့မှုကို စတင်အကောင်အထည်ဖော်ပြီဖြစ်သည်။ ထို့အတူ ကာလိုကူဒီစီနီကိုလည်း စပါးသို့ရောင်းချရန် စီစဉ်နေသည်။ ချယ်လ်ဆီးသည် ဒရော့ဘာ၊ ကာလူး၊ မီးခေးလ်အိုဘီနှင့် အက်ဆီယံတို့ အာဖရိကဖလား ဘောလုံးပြိုင်ပွဲသွားရောက်ဆင်နွှဲမည်ဖြစ်ရာ အစားထိုးရန် ကစားသမား လိုအပ်လျက်ရှိသည်။ အက်သလက်တီကိုအသင်း တိုက်စစ်မှူး အာဂွီရိုအား ဝယ်လိုရန်ဆန္ဒ ပြင်းပြနေသော်လည်း ကစားသမား ဝယ်ယူရေး ကန့်သတ်ထားမှုကြောင့် အခက်တွေ့လျက်ရှိသည်။

အာဆင်နယ်

ဇန်နဝါရီ အပြောင်းအရွှေ့ကာလ၌ ပေါင်၁၅သန်းအသုံးပြုခွင့်ကို အာစင်ဝင်းဂါး ရရှိထားသည်။ သို့သော် ဘောလုံးသမား အသစ်ဝယ်ရန် မလိုပါဟူသော အာစင်ဝင်းဂါး၏ မှတ်ချက်က အံ့အားသင့်ဖွယ်ပင်ဖြစ်သည်။ သို့ရာတွင် တိုက်စစ်မှူး ဗန်ပါစီနှင့် ခံစစ်ကစားသမား ချာမက်တို့ ဒဏ်ရာရရှိနေသဖြင့် အမြန်ဆုံးအစားထိုးရန်လိုအပ်လျက်ရှိသည်။ ထို့ကြောင့် အေစီမီလန်မှ ဟန်တေလာ၊ ဝုဖ်ဘတ်မှ အီဒင်ဒီဇီကိုနှင့် ဝက်စ်ဟမ်းမှ ချာလ်တန်ကိုးတို့ကို ဝယ်ယူရန် ဆွေးနွေးလျက်ရှိသည်။ ထို့အတူ ကစားသမားဟောင်း ဆိုးလ်ကင့်ဘဲလ်နှင့် ဗီအဲရာတို့ကိုလည်း ခေါ်ယူရန် ချင့်ချိန်နေသည်။

လီဗာပူး

တိုက်စစ် ပိုမိုထက်မြက်စေရန်အတွက် မန်ယူတိုက်စစ်မှူးဟောင်းနှင့် ရီးရဲမက်ဒရစ်



လိုင်ယွန်ဂိုးသမား ဟူဂိုလိုရစ်။

ကစားသမား နစ္စတယ်ရွိုင်းကိုခေါ်ယူရေး ဘင်နီတက်ဇ်ကြိုးစားနေသည်။ တစ်ဖန် လီဗာပူးကစားသမားဟောင်း ဟက်စကီးကိုလည်း ကမ်းလှမ်းနေပြီး ခရစ်စတယ်ပဲလေ့စ်မှ လူငယ်ကစားသမား မိုဆက်စ်အား စာချုပ်ရန် ဆွေးနွေးလျက်ရှိသည်။ ထို့အပြင် ဟမ်းဘတ်မှ အီလီရာနှင့် ဗလင်စီယာမှ ဂွန်မာတာတို့ကိုလည်း ခေါ်ယူရန် စီစဉ်နေသည်။

မန်စီးတီး

ရီးရဲမက်ဒရစ်တိုက်စစ်မှူး ကာကာအား ပေါင်သန်း ၁၀၀ပေးမည်ဟု ဇန်နဝါရီ ၁ရက်တွင် မန်စီးတီးက ကမ်းလှမ်းလိုက်သည်။ လောလောဆယ်၌ ကွင်းလယ်ကစားသမား ဒီဂျွန်နှင့် လက်စ်ကော့တို့ ဒဏ်ရာရနေပြီး တိုရေးက အာဖရိကဖလားပြိုင်ပွဲ ကစားရန် မိခင်နိုင်ငံပြန်သွားသဖြင့် အစားထိုးရန် စီစဉ်နေသည်။ ထို့ကြောင့် အင်တာမီလန်မှ ကော်ဒိုဗာ၊ ဂျူဗင်းတပ်စ်နောက်ခံလူ ချီလီနီတို့ကို ဈေးကောင်းပေး၍ ခေါ်ယူရန် ကြိုးစားနေပြီ ဖြစ်သည်။

ပရီမီယာလိဂ်၏ ဇန်နဝါရီအပြောင်းအရွှေ့အလှုပ်အခတ်ကို စိတ်ဝင်စားဖွယ်ရာ စောင့်ကြည့် အကဲခတ်ရမှာ ဖြစ်ပါကြောင်း။ ။ (အင်တာနက်)

ပရီမီယာလိဂ်သို့ တစ်ကျော့ပြန်လာရေး ၂၀၁၂မှ ဖြစ်နိုင်ဟု မော်ရင်ဟိုဆို

လန်ဒန် ဇန်နဝါရီ ၁

အင်တာမီလန်နည်းပြ ဂျို့စ်မော်ရင်ဟိုက ၂၀၁၂ခုနှစ်၌ အီတလီကလပ်နှင့် စာချုပ်ကုန်ဆုံးပြီးလျှင် ပရီမီယာလိဂ်သို့ ပြန်လာမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ၂၀၀၄ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ချယ်လ်ဆီးနည်းပြ တာဝန်ယူခဲ့သော မော်ရင်ဟိုသည် ပြီးခဲ့သည့် သီတင်းပတ်က ပရီမီယာလိဂ်သို့ ပြန်လာရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဦးဆောင်လျက်ရှိ

သို့သော်လည်း ၂၀၁၂ခုနှစ်ကုန်မှသာ ဖြစ်နိုင်ဖွယ်ရှိကြောင်း၊ မိမိအနေဖြင့် အင်တာမီလန်နှင့် စာချုပ်ထားသည်ကို လေးစားရမည်ဖြစ်ကြောင်း၊ အင်တာမီလန်အသင်းနှင့် နေသားကျနေပြီဖြစ်ကြောင်း၊ လက်ရှိမှာလည်း အင်တာမီလန်အသင်းသည် စီးရီးအေတွင် ရမှတ် ရှစ်မှတ်အသာဖြင့် ဦးဆောင်လျက်ရှိကြောင်း၊ ပြီးခဲ့သည့် ရာသီကလည်း အင်တာမီလန်ကို ဖလားပထမဆုံး ဆွတ်ခူးပေးနိုင်ခဲ့ကြောင်း မော်ရင်ဟိုက ပြောကြားသည်။

(အင်တာနက်)

မြင့်မောင်စိုး - စုစည်းသည်

ကွင်းလယ်ကစားသမား ဒီယာဘိုင် အာဆင်နယ်နှင့် နှစ်ရှည်စာချုပ်

လန်ဒန် ဇန်နဝါရီ ၁

အာဆင်နယ်က အာဘူဒီယာဘိုင်အား နှစ်ရှည် စာချုပ်တစ်ရပ် ချုပ်ဆိုလိုက်သည်။ အသက် ၂၃နှစ်ရှိ ပြင်သစ်ကွင်းလယ် ကစားသမား ဒီယာဘိုင်အား အာဆင်နယ်က ၂၀၀၈ခုနှစ် ဇန်နဝါရီလမှ ၂၀၁၂ ခုနှစ်အထိ စာချုပ်ထားပြီးဖြစ်သော်လည်း နှစ်ရှည်စာချုပ် ထပ်မံချုပ်ဆိုလိုက်ခြင်း ဖြစ်သည်။

ဒီယာဘိုင်သည် ၂၀၀၆ခုနှစ် ဇန်နဝါရီလက ပြင်သစ်ကလပ် အောဇေးမှ အာဆင်နယ်သို့ ပြောင်းရွှေ့လာခြင်း ဖြစ်သည်။ ၎င်းသည် အာဆင်နယ်အတွက် ၁၁၇ ပွဲကစားပေးခဲ့ပြီး ဖြစ်သည်။

(အင်တာနက်)

ကွင်းလယ်ကစားသမား ဘက်ခမ်း အေစီအတွက် နောက်တန်း ကစားပေးနိုင်ဟုဆို

လန်ဒန် ဇန်နဝါရီ ၁

အင်္ဂလန် ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်းသည် အေစီမီလန်အသင်း၌ ငါးလကြာ အငှားသွားရောက်ကစားပေးရန် သဘောတူခဲ့ပြီးနောက် ခံစစ်မှူး အဖြစ်လည်း ကစားပေးနိုင်ကြောင်း ပြောကြားလိုက်သည်။

ကစားခွင့်ရရှိရန်

အသက် ၃၄နှစ်ရှိ ဘက်ခမ်းသည် ပြီးခဲ့သော ဘောလုံးရာသီက အေစီမီလန်သို့ အငှား သွားရောက် ကစားပေးခဲ့သည်။ ၎င်းသည် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အင်္ဂလန်အသင်းတွင် ပါဝင်ကစားခွင့်ရရှိရန် မျှော်လင့်ချက်များစွာဖြင့် အေစီမီလန်သို့ ပြန်လာခဲ့သည်။

ကစားပေးနိုင်

အေစီမီလန်တွင် လောလောဆယ် နောက်တန်းလူ အောဒိုသည် ဒဏ်ရာကြောင့် မပါဝင်နိုင်၍ ဘက်ခမ်းက အစားထိုးကစားပေးနိုင်ကြောင်း ပြောကြားသည်။ မိမိအနေဖြင့် နောက်တန်း၊ အလယ်တန်းနှင့် တိုက်စစ် မည်သည့်နေရာတွင်မဆို ကစားပေးနိုင်ကြောင်း ၎င်းက ပြောကြားသည်။

(အင်တာနက်)

ဟိုလီဖီးလ်နှင့် ဘိုသာ ယူဂန္ဓာ၌ ထိုးသတ်မည်

ကမ်ပါလာ ဇန်နဝါရီ ၁

အီဗန်ဒါဟိုလီဖီးလ်နှင့် တောင်အာဖရိက လက်ဝှေ့ချန်ပီယံဘိုသာတို့သည် ဇန်နဝါရီ ၁၆ရက်တွင် ယူဂန္ဓာနိုင်ငံ ကမ်ပါလာ၌ ထိုးသတ်ကြလိမ့်မည်ဖြစ်ကြောင်း ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်က ကြေညာသည်။

ပြောကြား

ယင်းလက်ဝှေ့သမား နှစ်ဦးသည် ထိုးသတ်ကြရန် စာချုပ်များ ချုပ်ဆိုထားပြီဖြစ်ကြောင်း၊ ယင်းလက်ဝှေ့ပြိုင်ပွဲကြီးသို့ ပရိသတ်၈၀၀၀ လာရောက်ကြည့်ရှုအားပေးကြလိမ့်မည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပသူများက ပြောကြားသည်။ အသက် ၄၇နှစ်ရှိ ဟိုလီဖီးလ်သည် ၂၀၀၈ခုနှစ် ဒီဇင်ဘာလက

ရုရှား လက်ဝှေ့သမား ဗလူယက်အား အမှတ်ဖြင့် ရှုံးနိမ့်ပြီး ဆက်လက်ပြိုင်ပွဲဝင်ခြင်း မရှိဘဲ နားနေရာမှတစ်ဖန် ကြိုးဝိုင်းထဲ ပြန်လည်ဝင်ရောက်လာခြင်းဖြစ်သည်။ ၎င်းသည် ကမ္ဘာ့ချန်ပီယံ ခါးပတ်လေးခုအထိ ဆွတ်ခူးခဲ့ဖူးသော ဟဲဗီးဝိတ်ချန်ပီယံ ဖြစ်သည်။ (အင်တာနက်)

လီဗာပူးနောက်ခံလူ ဂျွန်ဆင် ဒဏ်ရာကြောင့် တစ်လခန့် နားရမည်

လန်ဒန် ဇန်နဝါရီ ၁

လီဗာပူး နောက်တန်းကစားသမား ဂလင်းဂျွန်ဆင်သည် ညာဘက်ဒူးခေါင်း ထိခိုက်ဒဏ်ရာရရှိသွားသဖြင့် အနည်းဆုံး တစ်လ အနားယူရလိမ့်မည်ဖြစ်ကြောင်း နည်းပြ ရာဖေးလ်ဘင်နီတက်ဇ်က ပြောကြားသည်။

ဂလင်းဂျွန်ဆင်သည် အက်စ်တွန်ဗီလာနှင့် ကစားရာတွင် ယင်းထိခိုက်ဒဏ်ရာ ရခဲ့ခြင်းဖြစ်သည်။ လီဗာပူးတွင် အသင်းခေါင်းဆောင် ဂျရတ်နှင့် ပေါင် သန်း ၂၀ ဖြင့် ခေါ်ယူခဲ့သော အဂွီလာနီတို့လည်း ဒဏ်ရာမှ ကျွံခိုင်မှု ပြန်လည်ရရှိလာစေရန် ရန်းကန် ကြိုးစားနေကြရသည်။

(အင်တာနက်)

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

တိုက်စစ်မှူး ဒေးဗစ်ဗီလာအား ချယ်လ်ဆီးခေါ်ယူဖွယ်

ချယ်လ်ဆီးအသင်းသည် ယခုလ အပြောင်းအရွှေ့ရာသီတွင် ဗလင်စီယာ တိုက်စစ်မှူး ဒေးဗစ်ဗီလာအား ဗြိတိသျှစံချိန်တင် ပြောင်းရွှေ့ကြေး ပေါင် သန်း ၄၀ဖြင့် စာချုပ်ခေါ်ယူဖွယ်ရှိကြောင်း ဒေးလီးအိတ်ပရက်စ်သတင်းတွင် ဖော်ပြသည်။

အီဘရာဟင်မိုဗစ်နှင့် မိုင်ကွန်တို့အား မန်စီးတီးခေါ်ယူရန် စီစဉ်

မန်စီးတီးအသင်းသည် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာ တိုက်စစ်မှူး အီဘရာဟင်မိုဗစ်နှင့် အင်တာမီလန်ခံစစ်မှူး မိုင်ကွန်တို့အား ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း ဒေးလီးတယ်လီဂရပ်၌ ဖော်ပြသည်။

ကစားသမားခေါ်ယူရေး ဘင်နီတက်ဇ် ငွေကြေးပုံအောဖွယ်

ဘောလုံးသမား အပြောင်းအရွှေ့ ဈေးကွက်ဖွင့်ချိန်တွင် လီဗာပူးနည်းပြ ဘင်နီတက်ဇ်သည် ၎င်း၏ အဓိကပစ်မှတ်ဘောလုံးသမား နှစ်ဦးဖြစ်သည့် ရီးရဲ တိုက်စစ်မှူး နစ္စတယ်ရွိုင်းနှင့် စပါးတိုက်စစ်မှူး ပက်ဗလူချင်ကိုတို့အား ခေါ်ယူရေးတွင် ငွေကြေးပုံအောသုံးစွဲဖွယ်ရှိကြောင်း ဒေးလီးမေးလ်သတင်း၌ ဖော်ပြသည်။

ဝယ်လင်တန်ဆီလ်ဗာအား ခေါ်ယူရန် အာစင်ဝင်းဂါးကမ်းလှမ်း

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် ဘရာဇီးလူငယ်ကစားသမား ဝယ်လင်တန်ဆီလ်ဗာအား ပေါင်သုံးသန်းခွဲဖြင့် ကမ်းလှမ်းခဲ့ကြောင်း၊ သို့သော်လည်း ၎င်း၏ အသက် ၁၈နှစ်ပြည့်မည့် ၂၀၁၁ခုနှစ် ဇန်နဝါရီလနောက်ပိုင်းမှ ခေါ်ယူနိုင်မည်ဖြစ်ကြောင်း ဒေးလီးမေးရာသတင်း၌ ဖော်ပြသည်။

ဂိုးသမား ဂျိုးဟတ်အား ဘာမင်ဂမ်ခေါ်ယူမှု မအောင်မြင်

ဘာမင်ဂမ်အသင်းသည် မန်စီးတီးဂိုးသမား ဂျိုးဟတ်အား အမြဲတမ်းစာချုပ် ခေါ်ယူနိုင်မည့်အချက်ပေါ် အခြေခံသော အငှားစာချုပ်ဖြင့် ခေါ်ယူရေး ကမ်းလှမ်းမှု မအောင်မမြင်ဖြစ်ခဲ့ပြီးနောက် ရိန်းဂျားတိုက်စစ်မှူး ခရစ်ဘွိုက်ဒ်အား ခေါ်ယူရေးလည်း လွဲချော်ဖွယ်ရှိကြောင်း သည်ဆန်းသတင်း၌ ဖော်ပြသည်။

ဂိုးသမားဝက်စ်ဝုဒ်အား ဆန်းဒါးလန်းခေါ်ယူလို

ဆန်းဒါးလန်းအသင်းသည် ကိုဗင်ထရီအသင်း ဂိုးသမား ကီရန်ဝက်စ်ဝုဒ်အား ခေါ်ယူလိုကြောင်း ဒေးလီးမေးရာသတင်း၌ ဖော်ပြသည်။

ဂျိမ်းစ်ဘီတီနှင့် ဟတ်စကီးအား မာတင်အိုနေးလ် ခေါ်ယူလို

အက်စ်တွန်ဗီလာနည်းပြ မာတင်အိုနေးလ်သည် စတုတ်စီးတီးတိုက်စစ်မှူး ဂျိမ်းစ်ဘီတီအား ပေါင်နှစ်သန်းခွဲဖြင့် ကမ်းလှမ်းခေါ်ယူရန် စီစဉ်နေကြောင်း၊ ထို့အပြင် လီဗာပူး၊ ဖူလ်ဟမ်၊ ဝီဂန်နှင့် ချယ်လ်ဆီးတို့က စိတ်ဝင်စားနေသော အင်္ဂလန်တိုက်စစ်မှူး အီမီလီဟတ်စကီးအားလည်း ခေါ်ယူလိုကြောင်း ဒေးလီးမေးလ်သတင်း၌ ဖော်ပြသည်။

ရီဘာရီအား ရီးရဲသို့ ရောင်းချရေး ဘိုင်ယန်ငြင်းပယ်

နွေရာသီတွင် ဘိုင်ယန်မြူးနစ်တောင်ပံကစားသမား ရီဘာရီအား ရီးရဲသို့ ပေါင် ၄၉သန်းဝန်းကျင်ဖြင့် ရောင်းချရန် သဘောတူထားမှုကို ငြင်းပယ်ခဲ့ကြောင်း ဘိုင်ယန်မြူးနစ် ဥက္ကဋ္ဌ အူလီဟိုးနက်စ်က ဖွင့်ဟပြောကြားခဲ့သည်ဟု ဆိုသည်။

ပက်ဗလူချင်ကိုအား ရုရှားကလပ်များနှင့် စပို့တင်းတို့ စိတ်ဝင်စား

ဇင်းနစ်စိန့်ပီတာစဘတ်ဂ်၊ လိုကိုမိုးတစ်မော်စကို၊ စပါးတပ်မော်စကိုနှင့် စပို့တင်း လစ္စဘွန်းအသင်းများက စပါးတိုက်စစ်မှူး ပက်ဗလူချင်ကိုအား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း၊ သို့သော်လည်း စပါးအသင်းသည် ၎င်းအတွက် ပြောင်းရွှေ့ကြေး ပေါင် ၁၃သန်း ဆိုထားပြီး အငှားစာချုပ်ဖြင့်လည်း အသင်းမှထွက်ခွာခွင့်ပြုမည်မဟုတ်ကြောင်း ဒေးလီးမေးရာသတင်း၌ ဖော်ပြသည်။

ဟူးလ်နည်းပြ ဖီးလ်ဘရောင်း ဘင်ဂျာနီအားခေါ်ယူရန် ကြိုးပမ်းနေ

ဟူးလ်စီးတီးအသင်းနည်းပြ ဖီးလ်ဘရောင်းသည် ယခုအပြောင်းအရွှေ့ရာသီတွင် မန်စီးတီးတိုက်စစ်မှူး ဘင်ဂျာနီအား အငှားစာချုပ်ဖြင့် ခေါ်ယူရန်ကြိုးစားနေကြောင်း၊ ဇင်ဘာဘွေကြယ်ပွင့်၏ တစ်ပတ်လုပ်ခလစာ ပေါင် ၅၀၀၀၀၏ တစ်ဝက်ကို မန်စီးတီးသို့ပေးရန် သဘောတူမှသာ ခေါ်ယူခွင့်ရမည်ဖြစ်ကြောင်း သည်ဆန်းသတင်း၌ ဖော်ပြသည်။

လိဒ်တိုက်စစ်မှူး ဂရက်စ်အား စထရာချန်ခေါ်ယူရန် စီစဉ်

မစ်ဒယ်ဘရော့နည်းပြ ဂေါ်ဒွန်စထရာချန်သည် လိဒ်တိုက်စစ်မှူး ဂျာမိန်း ဘက်ခ်ဖို့ဒ်ဂရက်စ်အား ပေါင် သုံးသန်းဖြင့် ကမ်းလှမ်းခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း ဒေးလီးမေးလ်သတင်း၌ ဖော်ပြသည်။

ကွင်းလယ်ကစားသမား လက်စတီယင်နီအား ပိုယက်စ် လေ့လာအကဲခတ်နေ

အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်သည် ဘယ်လ်ဂျီယံအသင်း မိုကရွန်မှ အသက် ၁၇နှစ်ရှိ ကွင်းလယ်ကစားသမား မက်ဆီမီလက်စတီယင်နီအား စာချုပ် ခေါ်ယူရန် လေ့လာအကဲခတ်နေသည်။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို

မြန်မာ့အလင်း

❖ သမိုင်းခရီး၏ မှတ်တိုင်သစ် — ချစ်နိုင် (စိတ်ပညာ)၏ ဆောင်းပါး စာ-၆၊ ၇

❖ တိုးတက်ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားများကို တစ်နိုင်ငံလုံးသို့ ဆောလျင်စွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန



ခရမ်းစိုးမြင့်၏ သတင်းဆောင်းပါး စာ-၁၊ ၈၊ ၉၊ ၁၀

❖ မိုးထက်လွင့်ပျံ မြန်မာ့အောင်လံ — နှင်းမောင် (ဇီးကုန်း)၏ ကဗျာ စာ-၇

❖ လွတ်လပ်ရေးအငွေ့ရှည် တည်တံ့ခိုင်မာဖို့ — မင်းဦး (ဒဿန)၏ ကာတွန်း စာ-၇